# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၄၁) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) လက်ပံတန်း-ကျုံလဟာ မဟာဗျူဟာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ချောင်းဆုံ-တော်ကလပ် မြေသားလမ်းအား ဂျင်းကျောက်ဖြင့် ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း၊ ရွာသစ်၊ တပ်ဦး သုံးရွာပေါင်း၍ စိမ့်စမ်းရေသွယ်ယူ ခြင်းလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် ရေအသုံးချရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | (ဂ) နိုင်ငံတော်စီမံကိန်းများ ရေးဆွဲခြင်း၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုများ ဆောင်ရွက်ရာတွင် မြေယာမှတ်ပုံတင်ခြင်းနှင့် မြေပုံစနစ်ကို မည်သည့်စနစ်ဖြင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေကြောင်း သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၉ | (ဃ) မက်မန်းမြို့နယ်တွင် ခရိုင် သို့မဟုတ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဖွင့်လှစ်ပေးရန်နှင့် ဝန်ထမ်းများ ခန့်အပ်ပေးရန်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် တာဝန်ခံအရာရှိ ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၀ | (င) ရေစကြိုမြို့နယ်၊ တမာတန်း၊ ဇီးကုန်းကျေးရွာတို့မှ မြို့သို့ ဆက်သွယ်ထားသော ဆည်ပေါင်လမ်းအား ခိုင်ခံ့ကောင်းမွန်အောင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၁၁ | (စ) ပုံစံ(၇)ပါ အကွက်အမှတ် အတိုင်းအတာ၊ မြေစာရင်းကွင်း မြေပုံရှိ အကွက်အမှတ်အတိုင်းအတာ၊ မြေပြင်တွင် အမှန်တကယ်ရှိသည့် အကွက်အမှတ်အတိုင်းအတာ စသည်တို့ တိုက်ဆိုင်စစ်ဆေးကာ မြေကြီး မြေပုံစာရင်းအမှန် ရရှိရေးအတွက် စီမံချက်ချ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပုံစံ(၇)များ လက်လွတ်စပယ် ထုတ်ပေးခြင်း၊ မြေတိုင်းတာမှု အလွယ်ပြုလုပ်ခြင်းတို့အတွက် မည်ကဲ့သို့ အရေးယူ ဆောင်ရွက်သွားမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၂ | ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း | ၂၈ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၀ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၉–၈–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်း– ကျုံလဟာ မဟာဗျူဟာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ချောင်းဆုံ– တော်ကာလပ် မြေသားလမ်းအား ဂျင်းကျောက်ဖြင့် ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ပါမဲ ကျေးရွာအုပ်စု၊ ထင်းကွင်း၊ ရွာသစ်၊ တပ်ဦး (၃)ရွာပေါင်း၏ စိမ့်စမ်းရေ သွယ်ယူခြင်း လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် ရေအသုံးချရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ **နိုင်ငံတော်စီမံကိန်းများ ရေးဆွဲခြင်း၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ မြေယာစီမံခန့်ခွဲ အုပ်ချုပ်မှုများ ဆောင်ရွက်ရာတွင် မြေယာမှတ်ပုံတင်ခြင်းနှင့် မြေပုံ စနစ်ကို မည်သည့်စနစ်ဖြင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်တွင် ခရိုင် သို့မဟုတ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဖွင့်လှစ်ပေးရန်နှင့် ဝန်ထမ်းများခန့်အပ်ပေးရန်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် တာဝန်ခံအရာရှိ ခန့်အပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးတင်ဋ္ဌေးအောင်၊ ရေစကြို မဲဆန္ဒနယ်၏ **ရေစကြိုမြို့နယ်၊ တမာတန်း၊ ဇီးကျွန်းကျေးရွာတို့မှ မြို့သို့ဆက်သွယ်ထားသော ဆည်ပေါင်လမ်းအား ခိုင်ခံ့ကောင်းမွန်အောင် မည်သည့် ဘဏ္ဍာနှစ်တွင် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ပုံစံ(၇)ပါ အကွက်အမှတ် အတိုင်းအတာ၊ မြေစာရင်းကွင်းမြေပုံရှိ အကွက်အမှတ်အတိုင်းအတာ၊ မြေပြင်တွင် အမှန်တကယ်ရှိသည့် အကွက်အမှတ်အတိုင်းအတာ စသည်တို့ တိုက်ဆိုင်စစ်ဆေးကာ မြေကြီးမြေပုံစာရင်း အမှန်ရရှိရေး အတွက် စီမံချက်ချဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ပုံစံ(၇)များ လက်လွတ်စပယ် ထုတ်ပေးခြင်း၊ မြေတိုင်းတာမှု အလွယ် ပြုလုပ်ခြင်းတို့အတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၄၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၉ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၈၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၂ ရက်၊
(၂) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၃ ရက်၊
(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊
(၄) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၁ ရက်၊

(၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊

(၇) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၈) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၃ ရက်၊

(၉) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)အာလူး ခွင့် ၁ ရက်၊

(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၁၂) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၁၃) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၁၄) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊

(၁၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၁၆) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၁၇) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၈) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၁၉) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး ခွင့် ၁ ရက်၊

(၂၀) လောင်းလုံမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ခွင့် ၁ ရက်၊

(၂၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊

(၂၂) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၂၃) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၂၄) ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ခွင့် ၁ ရက်၊

(၂၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်နှင့်

(၂၆) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၆၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လက်ပံတန်း-ကျုံလဟာ မဟာဗျူဟာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ချောင်းဆုံ-တော်ကလပ် မြေသားလမ်းအား ဂျင်းကျောက်ဖြင့် ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် မေးမယ့်မေးခွန်းကတော့ ကျေးလက်ဦးစီးဌာနက စီမံဆောင်ရွက်ပိုင်ခွင့်ရှိတဲ့မြေသားလမ်းကို ရာသီမရွေးသွားလို့လာလို့ရတဲ့ ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေ လက်ပံတန်းမြို့မှာ ကျေးရွာပေါင်း ၃၃၀ နှင့် လက်ပံတန်းမြို့ကို

ချိတ်ဆက်အသုံးပြုနေတဲ့လမ်းမကြီးငါးခုရှိပါတယ်။ အဲဒီလမ်းတွေကတော့ (၁)ရန်ကုန်-ပြည်လမ်း၊ (၂)ကဗျိုကြီး-ကျွန်းကလေး-လက်ပံတန်းလမ်း ဒီလမ်းက ဆောက်လုပ်ရေးဝန်ကြီးဌာနကတာဝန်ယူထားတဲ့လမ်းဖြစ်ပြီးတော့ အရှည် ၆ မိုင်ရှိပြီး ကတ္တရာလမ်းအဆင့်ဖြစ်ပါတယ်။ (၃)လက်ပံတန်း-ကျုံ့လဟာ မဟာဗျူဟာလမ်း ၎င်းလမ်းကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူထားတဲ့လမ်းဖြစ်ပြီးတော့ အရှည် ၂၀ မိုင်ရှိပါတယ်။ (၄)လက်ပံတန်း-တောင်ချိုကုန်း-သလာဘို-မင်းလှလမ်းဖြစ်ပါတယ်။ ၎င်းလမ်းက မင်းလှမြို့နယ် နယ်နိမိတ်အထိကို ၇ မိုင်ခန့်ရှိပါတယ်။ အင်္ဂလိပ်အစိုးရအုပ်ချုပ်စဉ်ကတော့ ကတ္တရာလမ်း၊ ယခုတော့ မြေသားလမ်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုတာဝန်ယူပေးဖို့လည်း တင်ပြထားပြီးဖြစ်ပါတယ်။ (၅) လက်ပံတန်း-သာရဝေါမီးရထားလမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အထက်က တင်ပြထားတဲ့လမ်းမကြီးငါးလမ်းနဲ့ ကျေးရွာအုပ်စုများချိတ်ဆက်ပြီး ဖောက်လုပ်ထားတဲ့ကျေးလက်ဦးစီးဌာနပိုင်လမ်းများကလည်း ကျွန်တော့်မြို့နယ်မှာအလွန်များပြားလှပါတယ်။ ကျောက်ချောလမ်းတစ်လမ်းကလွဲရင် ကျန်လမ်းများက အဆင့်မမီတဲ့မြေနီလမ်းများနှင့် အခြားမြေသားလမ်းများက များပါတယ်။ အဲဒီလမ်းများဟာ လူဦးရေထောင်ကျော်အသုံးပြုနေတဲ့လမ်းများဖြစ်ပါတယ်။ ရာသီမရွေးသွားလို့မရတဲ့လမ်းများလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် တင်ပြမယ့်လမ်းကတော့ လက်ပံတန်း-ကျုံ့လဟာ မဟာဗျူဟာလမ်းမကြီးနှင့်ချိတ်ဆက်ထားတဲ့ ဖောခိပင်-ချောင်းဆုံ-တော်ကလပ်လမ်းပဲဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးစေလိုပါတယ်။ ယခု မြင်နေရတဲ့ပုံကတော့ လက်ပံတန်းမြို့ရဲ့အနောက်ဘက်ခြမ်း မြစ်မခမြစ်နှင့်ဧရာဝတီမြစ်ကမ်းဘေးက ရွာတွေနဲ့ လက်ပံတန်းမြို့ကိုသွားလာရာမှာ နေ့စဉ်အသုံးပြုနေတဲ့လက်ပံတန်း-ကျုံ့လဟာ မဟာဗျူဟာလမ်းမကြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက တာဝန်ယူထားတဲ့လမ်းလည်းဖြစ်ပါတယ်။ မိုင် ၂၀ ရှည်ပါတယ်။ န.ဝ.တ၊ န.အ.ဖ အစိုးရလက်ထက်က မြို့လူထုရဲ့လုပ်အားနဲ့ ဖောက်လုပ်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်ကစပြီးတော့ကတ္တရာလမ်းခင်းနေတာ ယခု ၂၀၁၇ ခုနှစ်အထိ ဆိုရင် ၁၄ နှစ်မှာ ၁၀ မိုင်သာသာပဲရှိနေပါသေးတယ်။ ကျန် ၁၀ မိုင်ကတော့ ကျောက်ကြမ်းလမ်းအဆင့်ပဲရှိနေပါတယ်။

ယခုမြင်ရတဲ့ပုံကတော့ အခု တင်ပြမယ့် မဟာဗျူဟာလမ်းမကြီးနှင့် ချိတ်ဆက်ထားတဲ့ ဖောခိပင်-ချောင်းဆုံ-တော်ကလပ်လမ်းပဲဖြစ်ပါတယ်။ ၎င်းလမ်းကို ကျေးရွာအုပ်စုငါးအုပ်စုဖြစ်တဲ့ ဖောခိပင်ကျေးရွာအုပ်စု၊ တော်ကလပ်ကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာအုပ်စု၊ ရေလျှံကျေးရွာအုပ်စုနှင့်

ယွန်းသွယ်ကျေးရွာအုပ်စုများက အိမ်ထောင်စုပေါင်း ၄၂၃၈ စု၊ လူဦးရေပေါင်း ၁၆၆၀၇ ဦးတို့ နေ့စဉ် အသုံးပြုနေတဲ့မြေသားလမ်းပဲ ဖြစ်ပါတယ်။ ကျေးလက်လမ်းတံတားမဟာဗျူဟာအရဆိုလို့ရှိရင် ၎င်းလမ်းများကို ၃၆ တန်ခံကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း၊ ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ လက်ရှိ လက်ပံတန်း-ကျုံလဟာ မဟာဗျူဟာလမ်းမကြီးတောင်မှပဲ ကတ္တရာလမ်းအဖြစ် အပြည့်မရသေးတော့ တိုင်းပြည်ကိုလည်းအားနာပါတယ်။ ယခု တင်ပေးတဲ့လမ်း ကို အင်းမကထွက်တဲ့ ဂျင်းကျောက်လို့ခေါ်တဲ့ ဂဝံကျောက်စလစ်ရောမြေအဖြစ် စံချိန်စံညွှန်းမီမီ ဂဝံလမ်းအဆင့်မြှင့်တင်ပေးနိုင်မယ်ဆိုရင်တောင် ကျွန်တော်နဲ့ ကျွန်တော့်မဲဆန္ဒရှင်ပြည်သူတွေ အင်မတန်ဝမ်းသာရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ အရှည် ၂ မိုင် ၇ ဖာလုံ၊ အကျယ် ၁၈ ပေရှိတဲ့ ဗောဓိပင်-ချောင်းဆုံ-တော်ကလပ် မြေသားလမ်းကို အင်းမ ဂျင်းကျောက်ဖြင့် ရာသီမရွေးသွားလာနိုင်တဲ့ဂဝံလမ်းအဆင့်ကို တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသ ကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့ ကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့်စပ်လျဉ်းပြီး မေးမြန်းတဲ့မေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့် အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားပေးပါ့မယ်။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ် လက်ပံတန်း-ကျုံလဟာ မဟာဗျူဟာလမ်းမကြီးနှင့်ချိတ်ဆက်ထားတဲ့ ချောင်းဆုံ-တော်ကလပ်လမ်းဟာ အရှည် ၂ မိုင် ၇ ဖာလုံရှည်ပါတယ်။ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားတဲ့ မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါ မြေသားလမ်းကို မြေနီလမ်းအဖြစ် ဆောင်ရွက်မယ်ဆိုရင် ငွေကျပ် ၂၀၁ သန်းခန့်ကုန်ကျမှာ ဖြစ်ပါတယ်။ ကျေးရွာ ၂၈ ရွာ၊ အိမ်ခြေ ၄၀၀၀ ခန့်၊ လူဦးရေ ၁၇၀၀၀ ခန့် မှီခိုသွားလာနေတဲ့လမ်း ဖြစ်ကြောင်း သိရပါတယ်။ ကျေးလက်ဦးစီးဌာနအနေနဲ့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ လက်ပံတန်းမြို့နယ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၆၆ သန်းကျော်နဲ့ ကတ္တရာလမ်း ၅.၁၁ ကို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးလက်ရေပေးရေးလုပ်ငန်းအတွက်လည်းပဲ လက်ပံတန်း မြို့နယ်အတွင်း ကျေးရွာသုံးရွာမှာ တွင်းတိမ်သုံးတွင်း လျာထားဆောင်ရွက်ပေးဖို့ရှိပြီးဖြစ်ပါတယ်။

သို့ပါသော်လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အခု မေးမြန်းတဲ့ လက်ပံတန်း-ကျိုလဟာ မဟာဗျူဟာလမ်းမကြီးနှင့်ချိတ်ဆက်တဲ့ ချောင်းဆုံ-တော်ကလပ်လမ်းအရှည် ၂ မိုင် ၇ ဖာလုံကို မြေနီလမ်းခင်းခြင်းလုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ယခု ဘဏ္ဍာရေး နှစ် ခွင့်ပြုရန်ပုံငွေမှာ ပါဝင်ခဲ့ခြင်းမရှိတဲ့အတွက် ယခုနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသော် လည်းပဲ တိုင်းဒေသကြီးရဲ့ ဦးစားပေးအစီအစဉ်အရ လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း၊ ရွာသစ်၊ တပ်ဦး သုံးရွာပေါင်း၍ စိမ့်စမ်းရေသွယ်ယူ ခြင်းလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် ရေအသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စုအတွင်းရှိ တစ်ဆက်တစ်စပ်တည်းတည်ရှိသော ကျေးရွာများဖြစ်သည့် ထင်းကွင်း ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ တပ်ဦးကျေးရွာသုံးရွာပေါင်း၍ စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ရေအရင်းအမြစ်နှင့် ရေအသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ရေးနဲ့စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာ အုပ်စု ထင်းကွင်းကျေးရွာအုပ်စုတွင် အိမ်ခြေ ၂၂၀၊ လူဦးရေ ၈၁၅ ဦး၊ တပ်ဦးကျေးရွာတွင် အိမ်ခြေ ၂၅၇၊ လူဦးရေ ၁၀၈၈ ဦး၊ ရွာသစ်ကျေးရွာတွင် အိမ်ခြေ ၁၂၉၊ လူဦးရေ ၄၉၀ ဦး စုစုပေါင်း အိမ်ခြေ ၆၀၆ နှင့် လူဦးရေ ၂၃၉၃ ဦး နေထိုင်လျက်ရှိပါတယ်။ ၎င်းကျေးရွာများတွင် ရေရှားပါး၍ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာမရရှိခြင်း၊ နွေကာလများတွင် ရေတွင်းများခမ်းခြောက်ခြင်း တို့ကြောင့် ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားများအတွက် သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရ ပါတယ်။ ၎င်းကျေးရွာများနှင့် ၃.၅ မိုင်ကွာဝေးသော မြေနီကျေးရွာ သိမ်ဂနိုင်ရေထွက်မှရေများကို

စိမ့်စမ်းရေသွယ်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ၎င်းကျေးရွာသုံးရွာအတွက် သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ပါ၍ သက်ဆိုင်ရာရေအရင်းအမြစ်နှင့် ရေအသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု ထင်းကွင်း၊ ရွာသစ်၊ တပ်ဦးသုံးရွာပေါင်း၍ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ရေအရင်းအမြစ်နှင့် ရေအသုံးချရေးဦးစီးဌာနမှ လာမည့် ဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း၊ ရွာသစ်၊ တပ်ဦး သုံးရွာပေါင်းပြီး ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ပြန်လည်ဖြေကြားပေးပါမယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်အတွင်း ရွာသုံးရွာပေါင်းပြီး စိမ့်စမ်းရေသွယ်လုပ်ငန်းဆောင်ရွက်နိုင်ဖို့အတွက် ဦးစွာဆောင်ရွက်လိုတဲ့ဒေသရှိမှာရှိတဲ့ ရေထွက်ပမာဏ၊ ရာသီမရွေးရေထွက်တည်ရှိမှုနှင့် မြေပြင်အနိမ့်အမြင့် ကွာခြားမှုအစရှိတဲ့ လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းအကြိုစူးစမ်းလေ့လာမှု၊ မြေပြင်တိုင်းတာမှုလုပ်ငန်းတွေကို ဆောင်ရွက်သွားရန်ရှိမည်ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းအပေါ်မှာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေဖြင့် စူးစမ်းလေ့လာတိုင်းမှုတွေကို ဆောင်ရွက်ပေးသွားဖို့စီစဉ်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စူးစမ်းလေ့လာမှုနှင့် တိုင်းတာမှုတွေအရ ပါမဲကျေးရွာအုပ်စု၊ ထင်းကွင်း၊ ရွာသစ်၊ တပ်ဦးသုံးရွာပေါင်းပြီး စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဖြစ်မြောက်နိုင်စွမ်းရှိမယ်ဆိုရင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် လိုအပ်မယ့်ရန်ပုံငွေကို ယခုလာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်

မှာ ပြည်နယ်အစိုးရအဖွဲ့မှ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး လုပ်ငန်းကိုဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်စီမံကိန်းများရေးဆွဲခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်မှု၊ မြေယာစီမံခန့်ခွဲအုပ်ချုပ်မှု များဆောင်ရွက်ရာတွင် မြေယာမှတ်ပုံတင်ခြင်းနှင့် မြေပုံစနစ်ကို မည်သည့်စနစ်ဖြင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်နေကြောင်းသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတိုင်းဟာ လူဦးရေတစ်နေ့တခြားတိုးပွားလာတာနဲ့အမျှ ကျွန်မတို့လူသားတွေ မှီခိုနေကြရတဲ့ အရင်းအမြစ်တွေထဲက မြေသယံဇာတကိုကောင်းမွန်စွာစီမံခန့်ခွဲနိုင်မှုဟာလည်း နိုင်ငံတိုင်းရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံသားတွေရဲ့လူနေမှုဘဝ အဆင့်အတန်းစတာတွေကို ဆက်စပ်သက်ရောက်မှုကြီးကြီးမားမားရှိနေပါတယ်။ ကျွန်မတို့နိုင်ငံကို ကဏ္ဍပေါင်းစုံကနေပြီးတော့ ဝင်ရောက်လာနိုင်တဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဟာ မြေယာစီမံခန့်ခွဲမှုနဲ့များစွာဆက်စပ်လျက်ရှိနေပါတယ်။ ကန်ထရိုက်စနစ်စိုက်ပျိုးရေးကစလို့ စက်မှုဇုန်တွေ၊ မြို့ပြလူနေအိမ်ရာစီမံကိန်းတွေ၊ အထူးစီးပွားရေးဇုန်တွေစသည်ဖြင့် စီမံကိန်းတွေဟာ မြေနေရာကိုအခြေခံပြီးတော့ဆောင်ရွက်ရတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ကာလတွေမှာ မြေယာတွေကိုဥပဒေရှိလျက်နဲ့ အထိန်းအကွပ်မဲ့စီမံခန့်ခွဲမှုမဲ့ခဲ့လို့ ကျူးကျော်ပြဿနာတွေ၊ ဒီလယ်ယာမြေသိမ်းဆည်းမှုပြဿနာတွေက အမှိုက်ပုံကြီးတစ်ခုလိုပဲ ကျွန်မတို့ အခုချိန်ထိ ရှင်းမနိုင်ဖြစ်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ လယ်ယာမြေအုပ်ချုပ်ရေးနဲ့ပတ်သက်လို့ ဗြိတိသျှခေတ်ကစလို့ မြေခွန်ကိုစနစ်တကျကောက်ခံခဲ့တာကို မြေခွန်ကောက်ခံဖို့ရည်ရွယ်ပြီးတော့မှ တဖြည်းဖြည်းနဲ့မြို့နဲ့ကျေးရွာတွေ စနစ်တကျဖြစ်ဖို့ကို ရည်ရွယ်ပြီးတော့။ ဖော်ပြပါမြေတွေနဲ့စပ်လျဉ်းပြီးတော့ ဥပဒေနဲ့နည်းဥပဒေတွေ ပြဋ္ဌာန်းခဲ့တာကို ကျွန်မတို့လေ့လာသိရှိရပါတယ်။ တဖြည်းဖြည်းနဲ့မြေနဲ့သက်ဆိုင်တဲ့ ဥပဒေတွေဖြစ်ပေါ် ပြောင်းလဲလာဖို့ ကျွန်မ

လေ့လာမိသလောက် ကောက်နုတ်ထားတာဖြစ်ပါတယ်။ တချို့ဥပဒေတွေကတော့ အခုထက်ထိလိုအပ်သလိုပြုပြင်ပြီးတော့ ပြင်ဆင်သုံးစွဲနေရဆဲလည်းဖြစ်ပါတယ်။ ဒီဘက်ခေတ်မြေယာစီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနဲ့ပတ်သက်ရင်တော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ်တုန်းက မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့ နည်းဥပဒေတွေ၊ နောက်ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေမှာ ထိုက်သင့်သလိုပါဝင်နေတာ တွေတွေ့ရပါတယ်။ အခု စည်ပင်သာယာကစီမံခန့်ခွဲတဲ့ဥပဒေနဲ့ပတ်သက်လို့ရှိရင်လည်း မြို့တော်စည်ပင်သာယာရေးဥပဒေတွေမှာပါပါတယ်။ နောက်တစ်ခု နောက်ဆုံးပြဋ္ဌာန်းလိုက်တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွေမှာလည်း မြေယာစီမံခန့်ခွဲမှုနဲ့ပတ်သက်လို့ ထိုက်သင့်သလိုပါနေတာရှိပါတယ်။ တခြားသော တခြားသောဥပဒေတွေလည်း ရှိနေပါသေးတယ်။ အဲဒီဟာကိုလေ့လာကြည့်တဲ့အခါကျတော့ မြေယာစီမံခန့်ခွဲမှုတွေနဲ့ပတ်သက်ရင် အဲဒီဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့မြေတွေရှိမယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနဲ့အိုးအိမ်ဦးစီးဌာနကနေပြီးတော့ စီမံခန့်ခွဲတဲ့မြေတွေရှိမယ်။ နောက်တစ်ခုက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ကြေးတိုင်နဲ့မြေစာရင်းဦးစီးဌာန၊ နောက် ကာကွယ်ရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအစရှိတဲ့ ဝန်ကြီးဌာနပေါင်းစုံက အကွဲကွဲအပြားပြားစီမံခန့်ခွဲနေတာကို တွေ့မြင်နေရပါတယ်။ တကယ်တော့ ပြည်ထောင်စုအစိုးရပဲဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရပဲဖြစ်စေ အစိုးရတစ်ရပ်ဟာ စီမံကိန်းတစ်ခုကိုစတင်ပြီးတော့ စဉ်းစားလိုက်တာနဲ့၊ Click တစ်ချက်နှိပ်လိုက်ရုံနဲ့ စီမံကိန်းဆောင်ရွက်လိုတဲ့နေရာရဲ့ မြေပြင်ပထဝီအနေအထား၊ မြေအမျိုးအစားနဲ့ မြေယာပိုင်ဆိုင်မှုအခြေအနေတွေ၊ နောက်လူမှုစီးပွားကစလို့ သတင်းအချက်အလက်တွေကို အလွယ်တကူသိရှိနိုင်ဖို့ လိုအပ်သလို ရင်းနှီးမြှုပ်နှံသူတွေကိုလည်း အချိန်နှင့်တစ်ပြေးညီတုံ့ပြန်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် မြို့ပြအိမ်ရာစီမံကိန်းတွေအပါအဝင် ဥပဒေနဲ့အညီ စံချိန်စံညွှန်းကိုက်ညီပြည့်မီတဲ့ မြို့ပြဖွံ့ဖြိုးရေးမှာလည်း အဆောက်အဦနဲ့မြေယာမှတ်ပုံတင်ခြင်းဟာ မြို့ရွာများစီမံခန့်ခွဲအုပ်ချုပ်ရေးအတွက် အခြေခံကျတဲ့လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။

နောက်ထပ်အရေးကြီးတာက ခေတ်မီစံကိုက်မြေပုံစနစ်ထားရှိနိုင်ရေးပဲဖြစ်ပါတယ်။ အခု ကျွန်မသိရှိရသလောက် ကြေးတိုင်နဲ့မြေစာရင်းဦးစီးဌာနက မြေပုံစာရွက်တွေဟာ Paper Based ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကိုင်လိုက်လို့ရှိရင်တောင်မှ ကြွေကြသွားမယ့်အနေအထားမျိုးဖြစ်နေတဲ့အတွက် ကြောင့်မို့လို့ ဒီ Digital Based ကိုပြောင်းလဲဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မြေသယံဇာတနဲ့ပတ်သက်

ပြီးတော့ တိကျကောင်းမွန်တဲ့ အခြေခံအချက်အလက်တွေမရှိဘဲနဲ့ စီမံခန့်ခွဲမှုကောင်းမွန်လာဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ စီမံခန့်ခွဲမှုမကောင်းရင် နိုင်ငံတော်အနေနဲ့ မြေသယံဇာတ၊ မြေယာအုပ်ချုပ်မှုမှာ အချုပ်အခြာအာဏာကိုကျင့်သုံးဖို့ဆိုတာလည်း ခက်ခဲပါလိမ့်မယ်။ ဒါ့ကြောင့်မို့လို့ ၂၀၁၆ ခုနှစ်မှာ ရေးဆွဲပြီးစီးသွားခဲ့တဲ့ အမျိုးသားမြေအသုံးချမှုမူဝါဒမှာဆိုလို့ရှိရင်လည်း အခန်း(၃)မှာ ဘာပြောထားလဲဆိုတော့ မြေသက်ဆိုင်တဲ့သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်းဆိုတာ ပါပါတယ်။ အပိုဒ် ၁၅ မှာ မှန်ကန်တိကျတဲ့မြေကြီး၊ မြေပုံ၊ မြေနဲ့သက်ဆိုင်တဲ့မှတ်တမ်းနဲ့သတင်းအချက်အလက်တို့ကို စနစ်တကျစီမံထားရှိခြင်းသည် မြေအသုံးချမှုကိုစနစ်တကျစီမံခန့်ခွဲခြင်း၊ မြေလုပ်ပိုင်ခွင့် ခိုင်မာမှုနဲ့ မြို့ပြနဲ့ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်လို့ ဆိုပါတယ်။

နောက် အပိုဒ် ၁၇ အပိုဒ်ခွဲ(ဃ)မှာလည်း မြေပြင်အမှန်အသုံးချမှုနဲ့ လက်ရှိမြေအသုံးချမှုမြေပုံမှာအပါအဝင် မြေနဲ့သက်ဆိုင်တဲ့မှတ်တမ်းများကို နှိုင်းယှဉ်ရာမှာ အရည်အသွေးမြင့် ဂြိုလ်တုပုံရိပ်နဲ့ ပထဝီဆိုင်ရာသတင်းအချက်အလက်၊ နည်းပညာအပါအဝင် သင့်လျော်တဲ့နည်းပညာများကို ရယူအသုံးပြုခြင်းဆိုပြီးတော့ ဒီအမျိုးသားမြေအသုံးချမှုမူဝါဒမှာဖော်ပြထားတာရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်မမေးချင်တဲ့မေးခွန်းကတော့ အခုဒီကိစ္စတွေအတွက် ဘယ်လိုမြေပုံစနစ်မျိုးကိုသုံးနေသလဲ။ ဒီခေတ်မီနည်းစနစ်ကိုရော ပြောင်းဖို့အစီအစဉ်ရှိပါသလားဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်ရဲ့ နိုင်ငံတော်ရဲ့ မြေသယံဇာတစီမံခန့်ခွဲမှုနဲ့ စပ်လျဉ်းပြီးတော့ မေးတဲ့မေးခွန်းအပေါ်မှာ မိမိတို့ဆက်စပ်ဝန်ကြီးဌာနများဖြစ်တဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ရှင်းလင်းဖြေကြားပေးပါမယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အစီအစဉ်မှာ ပြည်ထောင်စုအဆင့်မှာ မိမိတို့ရဲ့စီမံကိန်းကော်မရှင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်မှာ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းကော်မရှင်နှင့် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေး ကော်မတီ၊ ခရိုင်/မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီအဆင့်ဆင့်မှာလည်းပဲ စီမံကိန်းပါမြေယာစီမံခန့်ခွဲမှု လုပ်ငန်းများနှင့်စပ်လျဉ်းပြီး မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုများကို ဆောင်ရွက်နေတဲ့ဌာနများက တာဝန်ရှိသူများ ပါဝင်တဲ့ကော်မတီများနှင့် သက်ဆိုင်ရာဒေသအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကို ဆွေးနွေးညှိနှိုင်းရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပဏာမရှင်းလင်းတင်ပြအပ်ပါတယ်။

မြေယာစီမံခန့်ခွဲမှုလုပ်ငန်းတွေအနက်မှာ သစ်တောမြေစီမံခန့်ခွဲမှုအတွက် သက်ဆိုင်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သစ်တောဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က)နှင့်(ခ)တို့အရ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေနဲ့ သဘာဝနယ်မြေတွေမှာ နိုင်ငံတော် စီမံကိန်းလုပ်ငန်းတွေ၊ နိုင်ငံတော်လုံခြုံရေးလိုအပ်ချက်တွေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ မြို့ပြ/ကျေးရွာဖွံ့စည်းမှုတွေ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးလုပ်ငန်းနှင့် သာသနာ့မြေများ သတ်မှတ်တည်ထောင်ဖို့ လိုအပ်လာလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ သစ်တောမြေအဖြစ်ကနေပြီးတော့ စွန့်လွှတ်ပြောင်းလဲ၊ ပြင်ဆင်ပြောင်းလဲသတ်မှတ်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ပါသော်ငြားလည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနအနေနဲ့ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လယ်ယာမြေနှင့်စပ်လျဉ်းပြီး စီမံခန့်ခွဲဆောင်ရွက်တဲ့နေရာမှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကနေပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်မှု အဓိကဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူတွေကို မှတ်ပုံတင်စာရင်းပုံစံ(၅)နှင့် မှတ်တမ်းတင်ရေးသွင်းခြင်းနှင့် လယ်ယာမြေလုပ်ကိုင်ခွင့်ကိုပြဋ္ဌာန်းထားတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ စီမံခန့်ခွဲဆောင်ရွက်ရမှုရှိပါတယ်။ အထူးသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်စိစစ်ဆောင်ရွက်ရာမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခံရသူတွေကို မှတ်ပုံတင်စာရင်းပုံစံ(၆)မှာ မှတ်ပုံတင်ရေးသွင်းပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ ထိန်းသိမ်းထားရှိရပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူတွေကို မှတ်ပုံတင်စာရင်း ပုံစံ(၁၁)နဲ့ မှတ်တမ်းတင်ရေးသွင်းပြီး ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွေမှာ ထိန်းသိမ်း ထားရှိရပါတယ်။

နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကို အထိရောက်ဆုံးအသုံးပြုပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းခဲ့ပြီး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုကို မှတ်ပုံတင်စာရင်းပုံစံ(၅)နဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့်ရရှိသူ တွေကို ပုံစံ(၉)နဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအသုံးပြုခွင့်ငြင်းပယ်ခြင်းခံရသူတွေကို ပုံစံ(၁၀)နဲ့ မှတ်တမ်းရေးသွင်းထိန်းသိမ်းထားရှိပါတယ်။ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေအပိုဒ် ၅၂၀ အရ မြေယာနှင့်စပ်လျဉ်းပြီး အဓိကအခြေပြုရမည့်မြေပုံကိစ္စကိုဆောင်ရွက်ရပါတယ်။ မြေပုံဆိုတာကတော့ မှတ်တင်ပုံတင်စာရင်းများရဲ့အညွှန်းဖြစ်တဲ့အတွက် မြေတည်ရာအရပ်၊ အတိုင်းအတာနှင့် နယ်နိမိတ် တွေကိုဖော်ပြရတဲ့ မှတ်တမ်းဖြစ်တာနှင့်အညီ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်ရပါတယ်။ မြေပုံရေးဆွဲနိုင်ရေးအတွက် မြေတိုင်းတာရာမှာလည်းပဲ သာမန်မြေတိုင်းတာခြင်းနည်းလမ်း (Conventional Surveying)နဲ့ ခေတ်မီမြေတိုင်းကိရိယာများနှင့် မြေတိုင်းတာခြင်းနည်းလမ်း (Advanced Survey)၊ ဂြိုလ်တုဓာတ်ပုံများအသုံးပြုပြီး မြေပုံရေးဆွဲခြင်း(Satellite Survey) နည်းလမ်းတွေကို အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို အသုံးပြုနေတဲ့မြေပုံအများစုဟာ စကေးကြီးနဲ့ရေးဆွဲပြီး ကွက်စိပ်မြေပုံ(Cadastral Map)တွေဖြစ်ကြပါတယ်။ မြေအသုံးချမှုအပေါ် မူတည်ပြီး စိုက်ပျိုးမြေများအတွက် သာမန်အားဖြင့် ၁၆ လက်မ = ၁ မိုင် စကေး၊ သေးနုပ်တဲ့မြေကွက်များပြားတဲ့ကွင်းတွေအတွက်တော့ ၃၂ လက်မ = ၁ မိုင်စကေး၊ လူနေထိုင်မှုအတွက်အသုံးပြုတဲ့မြေများ(မြို့မြေကွက်များ)အတွက် သာမန်အားဖြင့် ၆၄ လက်မ = ၁ မိုင်စကေးဖြင့် တိုင်းတာပုံထုတ်အသုံးပြုရပါတယ်။ မြေပုံတွေရေးဆွဲထုတ်လုပ်နိုင်ဖို့ အတွက် ကွက်ကျဲတိုင်းတာတဲ့နည်း၊ ကွက်စိပ်တိုင်းတာတဲ့နည်း၊ နယ်နိမိတ်ဆက်စပ်ခြင်း၊ မြေပုံချော ရေးဆွဲခြင်းစတဲ့ဧရိယာတွက်ချက်ခြင်းနှင့် မြေပုံပုံနှိပ်ခြင်းများကို အဆင့်ဆင့်ဆောင်ရွက် ရပါတယ်။ သာမန်မြေတိုင်းတာခြင်းနည်းလမ်းနဲ့ တိုင်းတာပုံထုတ်အသုံးပြုလျက်ရှိတဲ့ ကွင်း/အကွက် မြေပုံတွေကို

ခေတ်မီမြေတိုင်းနည်းပညာနဲ့ Digital မြေပုံပြောင်းလဲရေးဆွဲထုတ်လုပ်လျက်ရှိရာမှာ ခွင့်ပြုရန်ပုံငွေ အပေါ်မူတည်ပြီး စီမံချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်ကနေပြီး ၂၀၁၆-၂၀၁၇ ခုနှစ်ထိ ကွင်းပေါင်း ၂၁၀၉၈ ကွင်း၊ ဧရိယာဧက ၁၁.၅၁ သန်းကို တိုင်းတာရေးဆွဲဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ Satellite Image တွေကိုအသုံးပြုပြီး မြေပုံရေးဆွဲတဲ့ လုပ်ငန်းမှာလည်းပဲ မြေပုံရေးဆွဲပြီးရင် မြေပြင်ကွင်းဆင်းပြီးမှန်ကန်အောင် စစ်ဆေးဆောင်ရွက်ရပါ တယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့တော့ ယင်းဌာနရဲ့ စီမံခန့်ခွဲဆောင်ရွက်ရတဲ့ ကျေးရွာမြေများနှင့်ပတ်သက်ပြီး လိုင်စင်၊ မြေငှားဂရန်၊ အခွန်လွတ်ဂရန်၊ ဘဒ္ဒသိမ်ဂရန်တို့ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုထုတ်ပေးပါတယ်။ ၁၈၈၉ ခုနှစ်၊ အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေနှင့် ၁၉၀၇ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာများ နည်းဥပဒေတို့အရ မှတ်ပုံတင်စာရင်းစာအုပ်ကိုးမျိုးတို့နဲ့ စနစ်တကျမှတ်တမ်း ရေးသွင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြို့ပြဆိုင်ရာမြေစီမံခန့်ခွဲမှုမှာတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအနေနဲ့ ၁၉၂၀ ပြည့်နှစ်၊ ရန်ကုန်စည်ပင်သာယာရေး အဖွဲ့အက်ဥပဒေအရ ရန်ကုန်မြို့ မြေစီမံခန့်ခွဲမှုလုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့ပြီးတော့ ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်အက်ဥပဒေအရ ယခင် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ကို ထည့်သွင်းဖွဲ့စည်းခဲ့ပြီး ၁၉၉၂ ခုနှစ်အထိ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းမှာရှိတဲ့ မြေစီမံခန့်ခွဲမှုများကို ဆောင်ရွက်ခဲ့ပါတယ်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနဟာ မြေယာမှတ်ပုံတင်ခြင်းစနစ်ကို မြို့မြေစာရင်းမှတ်ပုံ တင်စာအုပ်(Town Land Roll) နှင့်ဦးပိုင်မှတ်ပုံတင်စာရင်း(၁-က) (Register 1 A)တို့ကို အသုံးပြု ပြီး မှတ်တမ်းထိန်းသိမ်းပါတယ်။ မြေပုံမှတ်တမ်းစနစ်ကို ဗြိတိသျှအတိုင်းအတာစနစ်ကို အသုံးပြုပြီး မှတ်တမ်းထိန်းသိမ်းခြင်းဖြစ်ပါတယ်။ အဆိုပါမှတ်တမ်းတွေကို စာအုပ်နှင့်မြေပုံစနစ်ဖြင့်သာ ယခင်က ဆောင်ရွက်ခဲ့ပြီးတော့ ယခုအခါမှာတော့(Computerize)ကွန်ပျူတာမှတ်တမ်းတင်မြေပုံစနစ်အဖြစ် ပြောင်းလဲနိုင်ရေးကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ နိုင်ငံတော်စီမံကိန်းများ ရေးဆွဲခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်မှု၊ မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုများကိုဆောင်ရွက်တဲ့အခါမှာ အရေးကြီးလှတဲ့ မြေယာမှတ်ပုံတင်ခြင်းနှင့် မြေပုံစနစ်ကို မည်သို့စီမံခန့်ခွဲဆောင်ရွက်နေခြင်းနှင့်

စပ်လျဉ်းပြီး လယ်ယာမြေစီမံခန့်ခွဲအုပ်ချုပ်ရေးအတွက် သက်ဆိုင်ရာစီမံခန့်ခွဲဆောင်ရွက်တဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မက်မန်းမြို့နယ်တွင် ခရိုင် သို့မဟုတ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဖွင့်လှစ်ပေးရန်နှင့် ဝန်ထမ်းများခန့်အပ်ပေးရန်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် တာဝန်ခံအရာရှိ ခန့်အပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်မှာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအခက်အခဲများကို အကျဉ်းချုပ်လေးပဏာမတင်ပြသွားပါမယ်။ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်ကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၃၀-၇-၂၀၀၂ ရက်စွဲပါစာအမှတ်၊ ၁၀၀/၃-၂၇/ဦး ၁ အမိန့်ကြော်ငြာစာအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်မှ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၉၂ ရွာကို ထုတ်နုတ်ပြီးတော့ မက်မန်းဒေသမှ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၉၇ ရွာနှင့်ပေါင်းစည်းပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်မှာ ပါဝင်တဲ့ မြို့နယ်အဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနောက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁-၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၂၀၀၂/၂၁-၇၅/ဦး ၁ နဲ့ မက်မန်းခရိုင်ကို မက်မန်းမြို့နယ်၊ ပန်ထန်းမြို့နယ်၊ နားဖန်မြို့နယ်နှင့် မန်ကန်မြို့နယ်ခွဲတို့နှင့် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းခရိုင်အနေနဲ့ ခရိုင်အဆင့် ဌာနဆိုင်ရာငါးခုပဲရှိပြီးတော့ မက်မန်းမြို့နယ်အနေနဲ့ ဌာနဆိုင်ရာ ၁၈ ခုပဲ ရှိပါတယ်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဖွင့်လှစ်ထားခြင်းမရှိတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အထက်ဌာနကို တင်ပြတာပဲဖြစ်ဖြစ်၊ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းများလျာထားတင်ပြတာပဲဖြစ်ဖြစ်၊ မြို့နယ်စီမံကိန်းရေးဆွဲရာတွင်ဖြစ်ဖြစ် ဌာနနှင့်လုပ်ငန်းတာဝန်ခံဦးစီးအရာရှိ မရှိတဲ့

အတွက် အစစအရာရာ အခက်အခဲဖြစ်ပေါ်နေတာကိုလည်း တွေ့ရပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းဦးစီးဌာနမှာ တာဝန်ခံအရာရှိ ခန့်အပ်ပေးရေးနှင့်စပ်လျဉ်းပြီးတော့ တင်ပြရမယ်ဆိုရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဖွင့်လှစ်နိုင်ခဲ့ ပြီးတော့ ဝန်ထမ်းအနေနဲ့ မြေတိုင်းအဆင့်(၅)ပဲရှိတဲ့တစ်ဦးသာ ခန့်အပ်နိုင်ပါတယ်။ သူကလည်း မက်မန်းနှင့် တုံတာမြို့နယ်နှစ်ခုကိုကိုင်ရတော့ လူတွေ့ဖို့တောင်မှ အတော်လေးခက်ခဲပါတယ်။ နောက်ဆုံးအခုအခြေအနေထက်ဆိုးလာတာက အခုကျွန်တော်တင်ပြနေတဲ့အချိန်မှာ အဲဒီဝန်ထမ်းက Promotion နဲ့ပြောင်းသွားပြီးတော့ ခန့်အပ်ဝန်ထမ်းတစ်ယောက်မျှမရှိတဲ့အနေအထား ဖြစ်ပေါ်နေပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများခန့်အပ်မှုနှင့် ခရိုင်/မြို့နယ်တို့က အထက်ပါစာများကို တင်ပြဖို့အတွက် Power Point အသုံးပြုရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဝန်ထမ်းခန့်အပ်မှုအခြေအနေဖြစ်ပါတယ်။ ခရိုင်အဆင့် ဖြစ်ပါ တယ်။ ဒါ မြို့နယ်အဆင့်ဖြစ်ပါတယ်။ ဒါအထက်ဌာနတွေကိုတင်ပြတဲ့ စာတွေပဲဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မက်မန်းမြို့နယ်ဟာ ခရိုင်အဆင့် မြို့တစ် မြို့ဖြစ်လာတာနှင့်အညီ လူမှုရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စသည်ဖြင့် အဘက်ဘက်မှ အခြားမြို့နယ်များနည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေဖို့အတွက် လုပ်ဆောင်ရာမှာ ဌာနအလိုက်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဓိကအချက်အနေနဲ့ အခက်အခဲဖြစ်နေတဲ့ဟာကို မေးခွန်းအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ပထမမေးခွန်းကတော့ မက်မန်းခရိုင် သို့မဟုတ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွင့်လှစ်ပေးဖို့နဲ့ ဝန်ထမ်းများ ခန့်အပ်နိုင်ရန် အစီအစဉ်ရှိ/မရှိ၊ ဒုတိယကတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ခံ အရာရှိခန့်အပ်ပေးနိုင်ရေးအစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိမယ်ဆိုရင်လည်း မည်သည့်ကာလမှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့မေးခွန်းဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်အေးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ဦးစွာ ခရိုင် သို့မဟုတ် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများ ဖွင့်လှစ်ပေးရန်နှင့် ဝန်ထမ်းများခန့်အပ်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားပေးပါမယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ရဲ့ ကွပ်ကဲမှုအောက်မှာ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်နယ်ရုံးခွဲ၊ ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွေကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင်မှ စတင်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဌာနရဲ့သက်တမ်းဟာ လေးနှစ်ခန့်သာရှိသေးပါတယ်။ စတင်ဖွဲ့စည်းတဲ့အချိန်မှာ ခွင့်ပြုအင်အား ၁၂၀၂၃ ဦးမှာ ဝန်ထမ်းအင်အား ၂၀၀၅ ဦးနဲ့ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ဝန်ထမ်းသစ်တွေကို ဖြည့်တင်းခန့်ထားခြင်း၊ အခြားဌာနများမှ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်သူဝန်ထမ်းများဖြင့် အင်အားဖြည့်တင်းခြင်းတွေကြောင့် လက်ရှိဝန်ထမ်းအင်အားမှာ ၅၆၁၄ ဦးရှိလာပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ခွင့်ပြုအင်အား အပေါ်မှာ ခန့်ထားနိုင်မှုက ၄၆.၆၉ ရာခိုင်နှုန်းသာ ရှိပါသေးတယ်။ ရှမ်းပြည်နယ်ရုံးခွဲ(လားရှိုး) ကွပ်ကဲမှုအောက်မှာ ရုံးခွဲတစ်ရုံး၊ ခရိုင်ရုံးခြောက်ရုံး၊ မြို့နယ်ရုံး ၂၄ ရုံးရှိပါတယ်။ ဝန်ထမ်းအင်အားက အရာထမ်း ၆၀ ဦး၊ အမှုထမ်း ၁၉၅ ဦး ပေါင်း၂၅၅ ဦးရှိတဲ့အတွက် ခန့်ထားနိုင်တဲ့အင်အားကတော့ ၂၈.၂၀ ရာခိုင်နှုန်းပဲဖြစ်ပါသေးတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ဖွဲ့စည်းပုံမှာ မက်မန်းခရိုင်ကိုဖွဲ့စည်းထားခြင်းမရှိဘဲနဲ့ မက်မန်းမြို့နယ်ဦးစီးဌာနကို ဟိုပန်ခရိုင်ကွပ်ကဲမှုအောက်မှာထားရှိပါတယ်။ လက်ရှိ လုံခြုံရေးအခြေအနေအရ ဝန်ထမ်းများတာဝန်ချထားမှုမရှိခဲ့သော်လည်းပဲ အရာထမ်းတစ်ဦး၊ အမှုထမ်းနှစ်ဦးနဲ့ ရုံးဖွင့်လှစ်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရုံးအဆောက်အဦ၊ ယာဉ်ယန္တရား၊ ဝန်ထမ်းအင်အားဖြည့်တင်းရေးကို ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ တာဝန်ခံအရာရှိခန့်အပ်ပေးနိုင်ရေး သိရှိလိုတဲ့စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားပေးပါမယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတစ်ခုလုံးမှာ ဖွဲ့စည်းပုံအရ ခွင့်ပြုအင်အားက အရာထမ်း ၃၉၇ ဦး၊ အမှုထမ်း ၁၃၉၃၆ ဦး ပေါင်း ၁၄၃၃၃ ဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။ ရှမ်းပြည်နယ်၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်

အတွက် ရုံးဖွင့်လှစ်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့အမိန့်ကြော်ငြာစာအရ ဖွဲ့စည်းခွင့်ရရှိရေးကို တင်ပြခဲ့ပါတယ်။ လတ်တလောအားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၄)က မက်မန်းမြို့နယ်ရုံးဖွဲ့စည်းခွင့် မရရှိသေးတဲ့အတွက် မြို့နယ်ရဲ့လုပ်ငန်းတာဝန်တွေကို မိုင်းလားမြို့နယ်မှ ပူးတွဲတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်၊ မက်မန်း ခရိုင်၊ မက်မန်းမြို့နယ်အား တိုးချဲ့ဖွဲ့စည်းခွင့်ရရှိရေးနှင့်ဝန်ထမ်းများ ဖြည့်တင်းခန့်ထားရေးကို ဆက်လက်တင်ပြဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ဖွဲ့စည်းခန့်ထားခွင့်ရရှိပါက တာဝန်ခံအရာရှိ ခန့်အပ်နိုင်ရေးကိုလည်းပဲ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရေစကြိုမြို့နယ်၊ တမာတန်း၊ ဇီးကုန်းကျေးရွာတို့မှ မြို့သို့ဆက်သွယ်ထားသော ဆည်ပေါင်လမ်းအား ခိုင်ခံ့ကောင်းမွန်အောင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာတင်ဌေးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေခင်ဗျား။ ကျွန်တော့်အနေနဲ့ ရေစကြိုမြို့ရဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ကုန်စည်စီးဆင်းဆက်သွယ်ရေးမှာ အလွန်အရေးပါလှတဲ့ဆည်ပေါင်လမ်းပြုပြင်ရေးနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေစကြိုမြို့ဟာ မြောက်ဘက်နဲ့အရှေ့ဘက်က ချင်းတွင်းမြစ်ကြီးကွေ့ဝိုက်စီးဆင်းနေပြီးတော့ တောင်ဘက်နဲ့အနောက်ဘက်မှာ ကျေးရွာများ ဝန်းရံနေတဲ့မြို့ဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရေကြီးချိန်မှာ မြို့ရဲ့လေးဘက်လေးတန်လုံးရေများဝင်ရောက်လေ့ရှိပါတယ်။ နှစ်စဉ်ရေများဝင်ရောက်ခြင်းကြောင့် မြို့နယ်အတွင်းကျေးရွာများနှင့် မြို့သို့ဆက်သွယ်ထားတဲ့ကုန်ထုတ်ဆက်သွယ်ရေးလမ်းများဟာ အလွန်ညံ့ဖျင်းနေပါတယ်။ ဒါကြောင့် မြောက်ဘက်ရှိရွာများက ရွာမှတစ်ဆင့် မန္တလေး၊ အရှေ့ဘက်ရှိရွာများက မြင်းခြံ၊ အနောက်ဘက်နဲ့တောင်ဘက်ရှိတဲ့ရွာများက ပခုက္ကူ၊ မုံရွာမြို့များသို့ ဆက်သွယ်ရောင်းဝယ်မှုများ များပြားနေတဲ့အတွက် မြို့ရဲ့ကုန်စည်ဈေးကွက်ဟာ တစ်နေ့တခြား လျော့ပါးပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုများ သိသာစွာကျဆင်းနေပါတယ်။ ယခင်အင်္ဂလိပ်လက်ထက်က တည်ဆောက်ပေးခဲ့တဲ့ တမာတန်းနဲ့ရေစကြိုလမ်းမကြီးဟာ ချင်းတွင်းမြစ်ရေတိုက်စားတဲ့အတွက်

ပျက်စီးခဲ့ပြီးတဲ့နောက်မှာ တမာတန်းကနေ တောင်ဘက်သို့ကွေ့ပတ်လျက် မြို့ရဲ့အနောက်တောင်ဘက်ကို ဆက်သွယ်ထားတဲ့တစ်ခုတည်းသောလမ်းကိုသာ အသုံးပြုနေကြရပါတယ်။ ဒါကြောင့် မြို့ရဲ့အင်္ဂါနဲ့ မညီညွတ်ဟု ပညာရှင်များသုံးသပ်ထားကြောင်း သိရှိရပါတယ်။ ၂၀၀၉ ခုနှစ်က မြို့ဝင်/မြို့ထွက်လမ်းတစ်ခုအဖြစ် အသုံးပြုရန်လည်းကောင်း၊ ချင်းတွင်းမြစ်ရေရဲ့အန္တရာယ်ကာကွယ်တားဆီးရန်အတွက်လည်းကောင်း၊ တမာတန်းမှအရှေ့တည့်တည့် ရေစကြိုအနောက်ဖျား အမှတ်(၆)ရပ်ကွက်သို့ ဆက်သွယ်တဲ့လမ်းအဖြစ် မြေသားလမ်းကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခါ ထိုဆည်ပေါင်လမ်းဟာ အရှေ့ဘက်မှချင်းတွင်းမြစ်ရဲ့တိုက်စားမှု၊ မိုးအခါ မိုးစီးချောင်းများရဲ့တိုက်စားမှုတို့ကြောင့် ကျဉ်းမြောင်းပျက်စီးမှုများရှိပါတယ်။ လှည်းနှစ်စီးပင် ကောင်းစွာမရှောင်နိုင်သောလမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍သာ ထိုဆည်ပေါင်လမ်းကို အချိန်မီပြုပြင်ထိန်းသိမ်းခြင်း မလုပ်နိုင်ပါက မြစ်ရေလျှံချိန်မှာ ဆည်ပေါင်မှရေကျော်နိုင်ခြင်း၊ ခိုင်ခံ့မှုအားနည်းနေ၍ ကျိုးပေါက်နိုင်ခြင်းတို့ဖြစ်ပေါ်နိုင်တဲ့အနေအထားမှာ ရှိပါတယ်။ ဒီလိုပျက်စီးခဲ့မယ်ဆိုရင် ရေဦးတည်ရာဖြစ်တဲ့ မြို့ပေါ်ငါးရပ်ကွက်နဲ့ ကျေးရွာငါးရွာတို့မှာ နေထိုင်လျက်ရှိတဲ့ပြည်သူ ၂၀၀၀၀ ကျော်တို့ရဲ့ အသက်အိုးအိမ်စည်းစိမ်များဟာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် မြစ်ရေကြီးချိန်ဟာ ရေထုအင်အားကြီးတဲ့လားရာအောက်ဘက်မှာရှိတဲ့ ငါးရာပြည့်ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်နေတဲ့ ဝန်ထမ်းများ၊ ပြည်သူများ အခြားနေရာသို့ ပြောင်းရွှေ့နေကြပြီးတော့ ဒီဆည်ပေါင်လမ်းရဲ့ထုပ်ပါးတဲ့နေရာတွေ၊ နိမ့်သောနေရာတွေမှာ ရေထိလာပြီဖြစ်တဲ့အတွက် ရပ်ကွက်နေပြည်သူများ၊ တာဝန်ရှိသူများ၊ တာဝန်သိသူများ၊ လူမှုရေးအသင်းအဖွဲ့များက နေ့၊ ညအဆက်မပြတ် အလှည့်ကျစောင့်ပြီးတော့ မြေဖို့ခြင်း၊ သဲအိတ်ချခြင်းတို့ကို နှစ်ရက်လုံးကြိုးစားကာကွယ်ခဲ့ကြရပါတယ်။ ကံအားလျော်စွာ မြစ်ရေပြန်ကျသွားတဲ့အတွက် အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဒီဆည်ပေါင်လမ်းကို ကောင်းမွန်စွာပြုပြင်တည်ဆောက်ပေးမယ်ဆိုပါက မြို့ရဲ့ကုန်သွယ်လမ်း၊ ဆက်သွယ်ရေးလမ်းတစ်ခုအဖြစ် မြို့ရဲ့အင်္ဂါရပ်နဲ့ညီလာပြီး ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်သည်သာမက ဒေသခံပြည်သူတို့ရဲ့ အရေးကြီးလှတဲ့သဘာဝဘေးအန္တရာယ်မှလုံခြုံအောင် ကာကွယ်ပေးနိုင်မည်လဲဖြစ်ပါတယ်။ ဒါကြောင့် ရေစကြိုမြို့နယ် တမာတန်း၊ ဇီးကျွန်းကျေးရွာတို့မှ မြို့သို့ဆက်သွယ်ထားသော ဆည်ပေါင်လမ်းအား ခိုင်ခံ့ကောင်းမွန်အောင် မည်ကဲ့သို့ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသနည်း။ မည်သည့်ဘဏ္ဍာရေး

နှစ်တွင် ဆောင်ရွက်ပေးပါမည်နည်း။ အစီအစဉ်မရှိသေးပါက အဘယ့်ကြောင့်ပါနည်းမေးခွန်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ဌေးအောင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းပါ ရေစကြိုမြို့နယ်၊ တမာတန်း၊ ဇီးကျွန်းကျေးရွာတို့ကနေ ရေစကြိုမြို့ကိုဆက်သွယ်တဲ့ ဆည်ပေါင်လမ်းဟာ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲရေးဦးစီးဌာနကနေပြီး ၂၀၀၉-၂၀၁၀ ခုနှစ်မှာ တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေစကြို- တမာတန်း ရေဘေးကာကွယ်ရေးတာဖြစ်ပါတယ်။ အလျားနှစ်မိုင်ခန့်ရှည်ပြီး ဒေသနေပြည်သူများအနေနဲ့ မြို့အဝင်/အထွက်လမ်းအဖြစ် အသုံးပြုလျက်ရှိနေတဲ့လမ်းဖြစ်တဲ့အတွက် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကိုလည်းပဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါတာအခြေမှာ လူနေရပ်ကွက်နဲ့ များစွာနီးကပ်စွာတည်ရှိနေတဲ့လမ်းဖြစ်တဲ့အတွက် အုတ်၊ သဲ၊ ကျောက်ဝန်တင်ကားတွေ တာပေါင်ပေါ်မှာ ရာသီမရွေးသွားလာလျက်ရှိခြင်း၊ ကျွဲ၊ နွား၊ ဝက် စတဲ့တိရစ္ဆာန်တွေ တာပေါင်ပေါ်တက်ခြင်း စသည်တို့ကြောင့် တာရဲ့အချို့အစိတ်အပိုင်းတွေ ယိုယွင်းလာမှုများ ရှိခဲ့ပါတယ်။

တာပေါင်နိမ့်ကျခြင်း၊ တာကိုယ်ထည်သေးခြင်းတို့ ဖြစ်ပေါ်လာလျက်ရှိတဲ့အတွက် တာပုံစံစနစ်တကျ ပြန်လည်ပြုပြင်ပေးဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ လတ်တလောအနေနဲ့ ယခုမိုးရာသီရေဘေးကာကွယ်ရေးအတွက် လိုအပ်တဲ့ကြိုတင်ကာကွယ် ပြင်ဆင်မှုလုပ်ငန်းတွေကိုလည်းပဲ ဆောင်ရွက်ပေးထားရမှုရှိပါတယ်။ တာတမံတွေကို ပုံစံတကျပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ဖို့အတွက် မြေပြင်တိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းနဲ့ ခန့်မှန်းကုန်ကျငွေတွက်ချက်ပြီး လိုအပ်ရန်ပုံငွေကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းတင်ပြတောင်းခံသွားဖို့ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှု

အပေါ်မူတည်ပြီး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ပုံစံ(၇)ပါ အကွက်အမှတ် အတိုင်းအတာ၊ မြေစာရင်းကွင်းမြေပုံရှိ အကွက်အမှတ်အတိုင်းအတာ၊ မြေပြင်တွင် အမှန်တကယ်ရှိသည့် အကွက်အမှတ်အတိုင်းအတာ စသည်တို့ တိုက်ဆိုင်စစ်ဆေးကာ မြေကြီးမြေပုံစာရင်းအမှန်ရရှိရေးအတွက် စီမံချက်ချဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပုံစံ(၇)များလက်လွတ်စပယ်ထုတ်ပေးခြင်း၊ မြေတိုင်းတာမှု အလွယ်ပြုလုပ်ခြင်းတို့အတွက် မည်ကဲ့သို့အရေးယူဆောင်ရွက်သွားမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ပုံစံ(၇)တွေဖောင်းပွနေမှုကြောင့် စိုက်ပျိုးရေးဦးစီးဌာနက မူလရည်ရွယ်ချက်မပျက် စေရန်နှင့် တောင်သူလယ်သမားတို့အချင်းချင်းကြား မြေယာအငြင်းပွားမှုများ ထိရောက်ပီပြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် မြေကြီးမြေပုံများကို မှန်ကန်တိကျစွာ တိုင်းတာဖော်ထုတ်စိစစ် ခြင်းကို စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့်ပတ်သက်ပြီးတော့မှ မေးမြန်းလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နားရက်တွေမှာ ကျွန်တော်တို့ မဲဆန္ဒနယ်ကိုသွားတဲ့အခါမှာ မြေယာပြဿနာတွေနဲ့ပတ်သက်ပြီး တိုင်ကြားလာမှုတွေ အများကြီး ရှိပါတယ်။ အဲဒီလိုတိုင်ကြားလာမှုတွေရှိတဲ့အခါမှာ ကျွန်တော်တို့ ပိုင်ဆိုင်မှုအထောက်အထားတွေကို တောင်းယူကြည့်ရှုတဲ့အခါမှာ ပုံစံ(၇)တွေထုတ်ပြတာတော့ရှိတယ်။ သို့သော်ငြားလည်းပဲ ပုံစံ(၁၀၅)မပါ လာပါဘူး။ ပုံစံ(၁၀၅)မပါတဲ့ဟာ ကျေးရွာအုပ်စုတစ်စုတည်းမှာတင်ကို ၁၅၀ လောက်ရှိတယ်ဆိုတာ ကျွန်တော်တို့သိရပါတယ်။ ပုံစံ(၁၀၅)ပါလာသည့်တိုင်အောင်မှ အဲဒီပုံစံ(၁၀၅)မှာ အနားလေးရပ်မှာ ဘယ်အကွက်တွေရှိတယ်။ ဘယ်သူတွေရှိတယ်ဆိုတာကို ကျွန်တော်တို့ဖော်ပြထားတာကို မတွေ့ရပါ ဘူး။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ပုံစံ(၇)တွေပါ။ အနားလေး ရပ်မှာ ကျွန်တော်တို့ ဘယ်သူနဲ့ထိစပ်နေလဲ။ ဘယ်ဟာနဲ့ထိစပ်နေတယ်ဆိုတာကို ဖော်ပြထားတာ

မရှိတဲ့အတွက် တကယ်လို့ကျွန်တော်တို့ မြေယာအငြင်းပွားမှုတွေဖြစ်တဲ့အခါမှာ တစ်ဖက်ကလည်း သူ့ကိုကျူးကျော်တယ်။ မောင်ဖြူကလည်းသူ့ကိုကျူးကျော်တယ်။ မောင်မဲကလည်းသူ့ကိုကျူးကျော်တယ်ပြောတယ်။ အဲဒီတော့ ဦးတဲ့သူကဝင်စိုက်တယ်။ စိုက်ပြီးတော့မှ နောက်တစ်ယောက်က ဝင်ပြီးတော့မှ အဲဒီစပါးတွေ၊ အဲဒီသီးနှံတွေကိုဝင်ပြီးတော့မှ ပြန်ပြီးတော့မှထွန်တယ်ဆိုလို့ရှိရင် တစ်ယောက်က ပုဒ်မ ၄၄၇၊ ၄၂၇ နဲ့ စွဲဆိုတယ်။ စွဲဆိုတဲ့အခါမှာကျတော့ ပုဒ်မ ၄၄၇ ကတော့ မမြောက်ဘူး။ ပုဒ်မ ၄၂၇ ကတော့မြောက်တယ်ဆိုပြီးတော့မှ အပြစ်ပေးခံရတာတွေ အကြိမ်ကြိမ်ဖြစ်ပေါ်နေတဲ့အတွက် တောင်သူလယ်သမားတွေဟာ များစွာဒုက္ခရောက်နေကြပါတယ်။ ပုံစံ(၁၀၅)မပါတဲ့အတွက် ကျေးရွာအုပ်စုတစ်ခုတည်းမှာ ၁၅၀ ရှိပါတယ်။ တောင်သူတွေက အကြိမ်ကြိမ်ဆင်းရဲဒုက္ခရောက်နေရပါတယ်။ ဒါ့အပြင် ဒီမြေစာရင်းဌာနကို တိကျသေချာစွာ တိုင်းတာပြီးတော့မှ နေရာပိုင်နက်တွေကို သတ်မှတ်ပေးနိုင်ဖို့ပြောတဲ့အခါလည်း အဖြစ်သဘောသာတိုင်းတာပြီး မည်သည့်သတ်မှတ်ချက်မျိုးကိုမှ တိကျမလုပ်ဆောင်ပေးနိုင်ပါဘူး။ မြို့နယ်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း တိကျပြတ်သားစွာဖြေရှင်းနိုင်ခြင်းမရှိတော့ဘဲ ဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များအတွက် များစွာအနှောက်အယှက်ဖြစ်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်က စိုက်ပျိုးရေးနိုင်ငံဖြစ်ပါတယ်။ ဒါကို အဓိကထားတယ်။ ဒီ Power Point မှာတင်ပြထားတဲ့အချက်အလက်တွေအရ လယ်ယာကဏ္ဍက အရေးကြီးပါတယ်။ ဒီလို လယ်ယာကဏ္ဍတိုးတက်ဖို့ဆိုလို့ရှိရင် တောင်သူတွေဟာ မိမိတို့လယ်ယာမြေကို စိတ်ဝင်တစားနဲ့ အမြဲတမ်းစိတ်ဝင်တစား တိုးတက်ဖို့အတွက် အမြဲကြံဆောင်နေဖို့ လိုပါတယ်။ ဒါပေမဲ့ မြေယာပိုင်ဆိုင်မှုမတည်ငြိမ်တာကြောင့် ဒီလိုအငြင်းပွားမှုတွေမှာပဲ အချိန်ကုန်နေရတဲ့အတွက် တိုင်းပြည်တိုးတက်ရေးအတွက် များစွာအနှောင့်အယှက်ဖြစ်နေရပါတယ်။ နောက်ပြဿနာတစ်ခုကတော့ မြေစာရင်းမြေပုံနဲ့ တိတိကျကျဖော်ပြထားခြင်းမရှိတဲ့အခါမှာကျတော့ ဒီပုံစံ(၁၀၅)ဆိုတာက ကျွန်တော်တို့ မြေစာရင်းရဲ့မြေကြီးမြေပုံကို ကွက်စိပ်၊ ဦးပိုင်၊ ကွင်းအမှတ်၊ ဒီဟာတွေအပေါ်မှာ အခြေခံပြီးတော့ ပိုင်ရှင်တစ်ယောက်ကို ဒီကွင်းပြင်ပေါ်မှာရှိတဲ့အကွက်တစ်ကွက်ကို ပြန်ပြီးမိတ္တူကူးပြီးတော့မှ သူပိုင်ဆိုင်တဲ့မြေလေးမှာ ပုံစံ(၁၀၅)ဆိုတာ ကပ်ပေးတာပါ။ ဒီမြေဟာ ခင်ဗျားပိုင်ဆိုင်တဲ့မြေဟာ ဒီကွင်းအမှတ်၊ ဒီအကွက်အမှတ်၊ ဒီဦးပိုင်မှာရှိတယ်ဆိုတာကို ကပ်ပေးတာပါ။ ဆိုလိုတဲ့သဘောက ဒီဟာပါမှသာလျှင် ကျွန်တော်တို့က အတည်ပြုလို့ရပါမယ်။ ဒီ ပုံစံ(၁၀၅)မပါဘူးဆိုရင် အတည်ပြုလို့မရတဲ့သဘောပါ။ ပုံစံ(၁၀၅)မပါဘဲလုပ်ထားတယ်ဆိုလို့ရှိရင် ဒါကျွန်တော်တို့မြေပြင်အနေအထားမှာရှိတယ်မရှိဘူးဆိုတာ ကျွန်တော်တို့သေချာအတည်ပြုနိုင်ဖို့မလွယ်ဘူးဆိုတဲ့ သဘောမျိုးဖြစ်ပါ

တယ်။ သို့သော်ငြားလည်း ပုံစံ(၁၀၅)မပါတဲ့ ပုံစံ(၇)တွေအများကြီးထွက်နေတဲ့ဟာကို မီးမောင်းထိုးပြခြင်းဖြစ်ပါတယ်။ အဲဒီအတွက် ဘာဖြစ်လဲဆိုတဲ့အခါမှာ ကျွန်တော်တို့ ဒီပုံစံ(၇)တွေဟာ ထပ်နေတာမျိုးတွေရှိတယ်။ တကယ်စိုက်ပျိုးခြင်းမရှိဘဲနဲ့ သဘောက စိုက်တာတော့ ၅ ဧကပဲ။ သို့သော်ငြားလည်း ပဲ ၁၀ ဧကတင်ပြထားပြီးတော့မှ ကျွန်တော်တို့ ပုံစံ(၇)ထုတ်ထားတာမျိုးတွေ ရှိပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ စိုက်ပျိုးစရိတ်ချေးငွေတွေဟာ စိုက်ပျိုးရေးဌာနရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍမြင့်တက်စေဖို့အတွက် ဦးတည်ပြီးလုပ်ဆောင်တဲ့စိုက်ပျိုးစရိတ်ချေးငွေတွေဟာ အပေါသိကံဖြစ်နေရတဲ့ အနေအထားမျိုးတွေလည်း တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးစေရန်ရည်ရွယ်ချက်နဲ့ အမှန်တကယ်စိုက်ပျိုးတောင်သူတွေ အထောက်အကူဖြစ်စေဖို့ စိုက်ပျိုးစရိတ်ချေးငွေဖြစ်တာကြောင့် လယ်ယာမြေမရှိဘဲထုတ်ပေးရခြင်းဟာ တိုင်းပြည်ဘဏ္ဍာ အလေအလွင့်ဖြစ်နေရပါတယ်။ ဒါ ပုံစံ(၇)ရဲ့ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၅)မှာဖော်ပြထားတာတွေပါ။ ဒါ မြေစာရင်းလက်စွဲဥပဒေမှာ မြေပုံနဲ့ပတ်သက်ပြီး သီးခြားဖော်ပြထားတာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စနစ်တကျ ပြန်လည်တိုင်းတာဖို့လုပ်ဆောင်ပေးရန်ရှိ/မရှိ၊ ဒီအလွဲသုံးစားမှုတွေ၊ မြေတိုင်းတာမှုအလွယ်တကူပြုလုပ်နေတဲ့ အကျင့်ပျက်ဝန်ထမ်းတွေကို။

ဥက္ကဋ္ဌ။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောရဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထိုးပေးခြင်းလုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ လက်ရှိအသုံးပြုခွင့်ရရှိထားတဲ့ လယ်ယာမြေတွေကို မြေပြင်ပကတိအခြေအနေအမှန်အတိုင်း လုပ်ပိုင်ခွင့်ရတဲ့တောင်သူအမည်နဲ့ မြေကြီးမြေပုံနှင့် မြေစာရင်း

မှန်ကန်ရေး၊ တောင်သူတစ်ဦးချင်းလုပ်ကွက်ဧရိယာမှန်ကန်ရေးလုပ်ငန်းကို တောင်သူတစ်ဦးချင်းစီရဲ့ ဦးပိုင်လုပ်ကွက်အလိုက် မြေပုံနှင့်အသေးစိတ်အချက်အလက်များကို လယ်ယာ(၁)ပုံစံနဲ့ စိစစ်ဆောင်ရွက်ရပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်တမ်းအတွက် အခြေခံစာရင်းကို လယ်ယာ(၂)ပုံစံကွင်းဆင်းစာရင်းကောက်ယူပြုစုပြီး ဦးပိုင်တစ်ဦးချင်းအလိုက် လုပ်ကိုင်တဲ့တောင်သူအမည်၊ မြေမျိုး၊ စိုက်ပျိုးတဲ့သီးနှံ၊ မြေဧရိယာတွေကို ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ကန်သင်းတင်တောင်သူများ၊ ကာယကံရှင်တောင်သူတွေရဲ့ အတည်ပြုလက်မှတ်များရယူပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒါ့အပြင် တောင်သူတစ်ဦးချင်း၊ ဦးပိုင်တစ်ခုချင်းအလိုက် လက်ရှိမြေပြင်စိုက်ပျိုးလုပ်ကိုင်နေတဲ့ ဧရိယာအပါအဝင် မြေအသုံးချမှုအခြေအနေကို သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ထိန်းသိမ်းထားရှိတဲ့စာရင်းနှင့် မြေပုံမှတ်တမ်းတွေနှင့် တိုက်ဆိုင်စစ်ဆေးပြီးတော့မှ စနစ်တကျစိစစ်ဆောင်ရွက်ပေးပါတယ်။ အထက်ဖော်ပြပါအတိုင်း မြေပြင်ကွင်းဆင်းတိုင်းတာပြီး စာရင်းပြုစုထားမှုနှင့် ဌာနမှာရှိတဲ့စာရင်းမြေပုံမှတ်တမ်းတွေအရ ဦးပိုင်တစ်ဦးချင်းအလိုက် မြေစာရင်းမြေပုံကောက်နုတ်ချက်မိတ္တူ မြေစာရင်းပုံစံ(၁၀၅)ကိုပူးတွဲပြီး သက်ဆိုင်ရာတောင်သူလယ်သမားတစ်ဦးချင်းကို ၎င်းလုပ်ကိုင်တဲ့ ဦးပိုင်တစ်ခုချင်းအလိုက် ပုံစံ(၇)ထုတ်ပေးခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားတွေကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)ထုတ်ပေးခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့နဲ့ အဆင့်ဆင့်ဖွဲ့စည်းပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်ပြဌာန်းချက်များနှင့်အညီ ကန့်ကွက်လွှာများခေါ်ယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေးနှင့်စပ်လျဉ်းပြီး မြေပြင်အခြေအနေဟာ လူတို့ရဲ့ပြုပြင်ဖန်တီးမှုကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့်လည်းကောင်း အခြေအနေများ ပြောင်းလဲမှုရှိနိုင်ပါတယ်။ အဲဒီလိုပြောင်းလဲမှုအပေါ်မှာ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ဖို့အတွက် ဌာနအနေနဲ့ကတော့ Digital မြေပုံတွေ တိုင်းတာရေးဆွဲထုတ်လုပ်ရေးကိုလည်းပဲ နှစ်စဉ်စီမံချက်များချမှတ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူကို ဥပဒေနှင့်အညီ

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိစေဖို့အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကနေပြီးတော့ ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလို အောက်ခြေမှာ စီမံခန့်ခွဲမှုအလွဲအချော်များရှိမှုကြောင့် လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခြင်း အပေါ် ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ လုပ်ဆောင်တဲ့ဝန်ထမ်းတွေကို တိုင်ကြားလာမှုတွေ၊ စိစစ်တွေ့ရှိမှု တွေများစွာတွေ့ရှိခဲ့ရပါတယ်။ ဥပဒေကြောင်းကသွေဖြည်ပြီး မလျော်မကန်လုပ်ကိုင်မှုကြောင့် အရာထမ်းငါးဦးနှင့် အမှုထမ်း ၈၁ ဦး စုစုပေါင်း ၈၆ ဦးကို အပြစ်ပေးအရေးယူခဲ့ရပါတယ်။ လုပ်ကိုင်ဆောင်ရွက်မှုအနေအထားပေါ်မူတည်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေအရ ပြစ်ဒဏ်တွေ ချမှတ်တဲ့အခါမှာ သတိပေးခြင်း၊ နှစ်တိုးရပ်ခြင်း၊ လစာလျှော့ပြစ်ဒဏ်၊ ရာထူးတိုးရပ်ခြင်း၊ ရာထူးလျှော့ ခြင်း၊ ဌာနကထုတ်ပယ်ခြင်း၊ ထုတ်ပြစ်ပြစ်ဒဏ်တွေ စုစုပေါင်း ၈၆ ဦးကို အရေးယူဆောင်ရွက်ခဲ့ရ ကြောင်း ဖြေကြားအပ်ပါတယ်။

သို့ဖြစ်ပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံများ ထုတ်ပေးတဲ့နေရာမှာ မြေပြင် ကွင်းဆင်းစိစစ်ခြင်း၊ ဌာနရဲ့စာရင်းမြေပုံမှတ်တမ်းတွေနှင့် တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီးမှ ပုံစံ(၇)များထုတ်ပေးခြင်းဖြစ်ပါတယ်။ မြေကြီးမြေပုံမှန်ကန်ရေးအတွက်ကိုလည်းပဲ Digital မြေပုံ တိုင်းတာထုတ်လုပ်ခြင်းလုပ်ငန်းကို နှစ်စဉ်အစီအမံများနဲ့ ဘဏ္ဍာငွေရရှိတဲ့ခွင့်ပြုမှုအပေါ်မှာမူတည်ပြီး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ပိုင်ခွင့်စီမံဆောင်ရွက်မှာလည်းပဲ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ ဆောင်ရွက်တဲ့ဝန်ထမ်းတွေကို တော့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ဌာနဆိုင်ရာစစ်ဆေးအရေးယူမှုများ ဆောင်ရွက် ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဒုတိယ ဝန်ကြီးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ ဝန်ကြီးရဲ့ဖြေကြားချက်ထဲမှာလုပ်ဆောင်နေတဲ့ကိစ္စရပ်တွေ၊ ဆက်လက်လုပ်ဆောင်ရမယ့်ကိစ္စရပ်တွေလည်း ပါပါတယ်။ အဲဒီတော့ ကျွန်တော် တချို့မရှင်းတဲ့ မေးခွန်းလေးတွေကို ဆက်စပ်မေးခွန်းအနေနဲ့ ပြန်ပြီးမေးချင်ပါတယ်။ လက်ရှိမှာမြေပြင်အနေအထား မှာ မြေစာရင်းလက်စွဲဥပဒေအရ အဆင့်ဆင့်ကိုစစ်ဆေးတိုင်းတာပြီးတော့မှ အဲဒီအပေါ်မှာအခြေခံပြီး ပုံစံ(၁၀၅) အပေါ်မှာအခြေခံပြီး ပိုင်ဆိုင်မှုပုံစံ(၇)တွေ၊ ဘာတွေထုတ်ပေးရတာပေါ့။ အဲဒီအနေ အထားမှာ လက်ရှိဖြစ်နေတာက ကျွန်တော်တို့ဆီမှာ အခုနကပြောသလို ပုံစံ(၇)မှာ ပုံစံ(၁၀၅)မပါတဲ့

ပုံစံ(၇)တွေအများကြီးတွေ့ရပါတယ်။ အဲဒီဟာတွေကို ဘယ်လိုမျိုးပြန်လည်စိစစ်ပေးပြီးတော့မှ ပိုင်ဆိုင်မှုနဲ့၊ မြေပြင်အနေအထားနဲ့ မြေစာရင်းကွင်းပြင်ပေါ်မှာရှိတဲ့ အတိုင်းအတာအတိုင်းကို တိတိကျကျလေး ပြန်လည်လုပ်ဆောင်ပေးနိုင်ဖို့အတွက်ကို ဘယ်လိုများစီစဉ်ထားသလဲဆိုတာကို သိချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရဲ့အကျိုးဆက်က အများကြီးပါ။ ပြီးခဲ့တဲ့ သောကြာနေ့မှာတင် ကို ကျွန်တော့်ဆီကို ဖုန်းဝင်လာတာရှိပါတယ်။ ဒီ ပုံစံ(၇)မှာက ၅ ဧကပဲရှိပါတယ်။ သို့သော်ငြားလည်း သီးနှံချေးငွေအတွက်ဆိုပြီးတော့မှ သက်ဆိုင်ရာဘဏ်ကော်မတီကနေပြီးတော့မှ သူက ၁၅ ဧကဆိုပြီး တင်ပြီးတော့မှ ချေးငွေလုပ်ခဲ့တာမျိုးတွေရှိတယ်။ အဲဒီတော့ တကယ်တမ်း ပိုင်ရှင်က ၅ ဧကပဲချေးငွေ ရတယ်။ ၁၀ ဧကအတွက်ကကျတော့ ချေးငွေက ဘယ်ကိုရောက်သွားလဲဆိုတဲ့ပြဿနာ။ ဒီဟာက ဘာကြောင့်ပြဿနာဖြစ်နေရလဲ။ ဘာကြောင့်ဒီလိုဖြစ်ရတာလဲဆိုရင် အခုနကပြောသလို တည်နေရာ တိတိကျကျ၊ ဧရိယာတိတိကျကျပြထားတဲ့ ပုံစံ(၁၀၅)မရှိတဲ့အတွက် ဖြစ်ရတဲ့ပြဿနာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုနကပြောသလို ပုံစံ(၁၀၅)နဲ့၊ အခုနကပြောတဲ့ ပိုင်ဆိုင်မှုနဲ့၊ အခုနကပြောတဲ့ မြေစာရင်းမြေပုံနဲ့ တိတိကျကျပြန်လည်စိစစ်ပြီးတော့မှ ပေါ်ပေါက်လာတယ်ဆိုလို့ရှိလို့ရှိရင် ဘယ်ကွင်း ဘယ်မြေပုံ၊ ဘယ်ဦးပိုင်အမှတ်မှာ ဘယ်သူကတာဝန်ရှိပြီးတော့မှ လုပ်ဆောင်တဲ့နေရာဖြစ်တဲ့အတွက် ဒီပုဂ္ဂိုလ်ကို ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာကို ဆက်စပ်မေးခွန်းအနေနဲ့ မေးချင်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးပါ့မယ်။ ကျွန်တော်တို့ လက်ရှိ လယ်ယာမြေအတွက် လုပ်ပိုင်ခွင့်ပြုတဲ့အခါမှာ မြေနေရာတည်နေရာကိုပြတဲ့ ပုံစံ(၁၀၅)ကိုအခြေခံပြီးတော့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ကိုထုတ်ပေးခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ အားလုံးမြင်သာထင်သာနဲ့ ပွင့်လင်းစွာသိမြင်နိုင်ဖို့အတွက်ကို လည်းပဲ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ကစပြီး သက်ဆိုင်ရာ အဲဒီကာလက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးတွေဖြစ်ပါတယ်။ မြို့နယ်ရုံးတွေမှာလည်းပဲ ဆောင်ရွက်ရမယ့် Process နဲ့ အကယ်၍များ ဒီလိုဆောင်ရွက်ခြင်းမရှိဘူးဆိုလို့ရှိရင် တိုင်ကြားအရေးယူနိုင်ဖို့အတွက်ကိုလည်းပဲ ကျွန်တော်တို့ အတိအလင်းကြေညာထားသလို လက်ရှိအချိန်မှာ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား တွေမှာလည်းပဲ ယခုဆိုရင် ခြောက်ကြိမ်တိတိ ထည့်သွင်းကြေညာထားပြီးဖြစ်ပါတယ်။ ဒါကြောင့်

လက်ရှိ အောက်ခြေအခြေအနေမှာ မြေယာအငြင်းပွားမှုလေးတွေကတော့ ပိုင်ဆိုင်မှုအပေါ်မှာတည်ပြီးတော့ ဖြစ်နေတာအများအပြားရှိပါတယ်။ သမက်နဲ့ ယောက္ခမ၊ သမီးနဲ့ အမေ။ ဒီလိုဟာမျိုးကိုလည်းပဲ အမျိုးမျိုးသော မြေယာအရှုပ်အရှင်းတွေရှိနေတဲ့အလျောက် မြေယာအရှုပ်အရှင်းကို ဦးစွာဖြေရှင်းပြီးမှ သာလျှင် ပုံစံ(၁၀၅)နှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ကို ထုတ်ပေးရခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် မည်သို့ပင်ဆိုစေကာမူ မိမိရဲ့တွေ့ကြုံနေရတဲ့အခြေအနေတွေအပေါ်မှာ ပြန်လည်စိစစ်ဖို့ လိုအပ်မယ်ဆိုလို့ရှိရင်တော့ သက်ဆိုင်ရာရုံးအဆင့်ဆင့်ကို ပြန်လည်တင်ပြပေးနိုင်ဖို့အတွက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနဲ့ ဆက်စပ်ပြီး ကျွန်တော် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ မြေယာကိစ္စနှင့်ပတ်သက်ပြီး ခုနကဝန်ကြီးဌာနကလည်း အရေးယူသွားတာတွေချည်းပြောပါတယ်။ ၈၆ ဦးလောက်ရှိပြီပြောတယ်။ အဲဒီတော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေကလည်း အမှုတွဲလိုက်(Case) တစ်ခုချင်းကို၊ တစ်ဖိုင်ချင်းကို တင်ပါ။ ခုနကလို Power Point ထိုးတုန်းကလို နယ်လေးရပ် အရှေ့၊ အနောက်၊ တောင်၊ မြောက် နယ်နိမိတ် သတ်မှတ်ချက်မရှိဘဲနဲ့ ဒီလိုပုံစံထုတ်ပေးတယ်ဆိုရင် အဲဒီအထောက်အထားနဲ့ ဝန်ကြီးဌာနကိုတိုင်၊ ကျွန်တော်တို့ဆီလည်း မိတ္တူပေး၊ ဝန်ကြီးဌာနအနေနဲ့ကလည်း ဒါကို ၈၆ ယောက်မက တစ်နိုင်ငံလုံးမှာ များပြားစွာရှိနေနိုင်တယ်။ ရှိနေဖို့လည်းများတယ်။ ဒါကြောင့်မို့လို့ တိတိကျကျလေး ကိုင်တွယ်ပေးစေချင်တယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေအနေနဲ့ကလည်း ထိထိရောက်ရောက်လေးလုပ်ဖို့လိုတယ်။ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ကို ကိုယ်ကျင့်သုံး။ ကျွန်တော်ပြောလိုက်ပါ့မယ် ကိုယ်စားလှယ်အားလုံးကို ဘာဖြစ်လို့လဲ။ ကျွန်တော်ဖတ်ပြမယ်။ ကိုယ်စားလှယ်တွေရဲ့တာဝန်အတိုင်း ကျွန်တော်ဖတ်ပြမယ်။ မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်စေဘဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဆိုတာရှိတယ်။ ဒါဝင်ရောက်စွက်ဖက်တာမဟုတ်ဘူး။ ဒီလိုကိစ္စမျိုးတွေရှိရင် ထဲထဲဝင်ဝင် အဲဒီဌာနကိုသွားပြီးတော့ မြေစာရင်းဦးစီးဌာနဆိုလည်း မြေစာရင်းဦးစီးဌာနပေါ့။ ဒါတစ်နည်း အောက်ခြေမှာလုပ်လို့ရတယ်။ နောက်တစ်နည်းကျွန်တော်ဖတ်ပြမယ်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာလွှတ်တော်ကော်မတီများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း။ ကျွန်တော်တို့ပြည်သူ့လွှတ်တော်မှာ ကော်မတီတွေဖွဲ့တာ အဲဒီအတွက်ဖွဲ့

တာ။ အလကားသက်သက်ဖွဲ့ထားတာမဟုတ်ဘူး။ လက်တွေ့အသုံးချတတ်ဖို့လိုတယ်။ နောက်တစ်ခု ဖတ်ပြမယ်။ ဒါက ခုနက ပြည်ထောင်စုအဆင့်။ လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းဝင်များအား လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန်အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာလွှတ်တော်ကော်မတီများမှတစ်ဆင့် ကျွန်တော်တို့လွှတ်တော်ကဖွဲ့ထားတဲ့ ဆိုင်ရာဆိုင်ရာကော်မတီကနေတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာလွှတ်တော်များသို့ အသိပေးခြင်း။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ ကိုယ့်လုပ်ပိုင်ခွင့်ကို ထိထိရောက်ရောက်ကျင့်သုံးဖို့လိုတယ်။ အဲဒါလေးတွေကို ကျွန်တော်တို့ကိုယ်စားလှယ်တိုင်းက ကျင့်သုံးစေချင်တယ်။ ပွင့်ပွင့်လင်းလင်းပြောလို့ရှိရင် ဝန်ကြီးဌာနတွေကိုလည်း ကျွန်တော်ပြောလိုက်ပါမယ်။ ကိုယ့်ဝန်ကြီးဌာနရဲ့အောက်မှာရှိတဲ့ မြေစာရင်းဦးစီးဌာနကိုလည်း ကြပ်ကြပ်မတ်မတ်တော့ ဆောင်ရွက်ပေးပါ။ နယ်လေးရပ်မပါရုံတင်မဟုတ်ဘူး။ မြေကွက်ထပ်နေတာတွေ တစ်ကွက်ထဲကို အကွက်လွှဲထားတာတွေ ရှိပါတယ်။ ဒါအောက်ခြေမှာဖြစ်ပျက်နေတယ်။ ခုနက ဝန်ကြီးဌာနပြောသွားတာကတော့ ဥပဒေ၊ နည်းဥပဒေတွေအတိုင်း စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းပါအတိုင်း ပြောသွားတယ်။ မှန်တယ်။ အောက်ခြေမှာက အဲဒါတွေနဲ့ကွဲလွဲတာတွေလည်းရှိပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနက အရေးယူပြီးတာ ၈၆ ဦးရှိပြီလို့ပြောတယ်။ ကျွန်တော့်အမြင်တော့ ဒီလိုလွဲချော်နေတဲ့ ဟာတွေကို ဆက်လက်ပြီးတော့၊ ဖော်ထုတ်ပြီးတော့ အရေးယူဖို့လည်း ဝန်ကြီးဌာနမှာလည်း တာဝန်ရှိပါတယ်။ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးပါ။ ဒါလွှတ်တော်အနေနဲ့ အသိပေးပါတယ်။

**ဥက္ကဋ⊞ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မြေမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်း(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်ပေးချက်အရ(၂/၂၀၁၇) အစီရင်ခံစာကို လွှတ်တော်သို့အစီရင်ခံ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်သောနေရာများတွင် Power Point များသုံးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်အပေါ် ဆောင်ရွက် ထားရှိမှု အစီရင်ခံစာ(၂/၂၀၁၇)

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူ့လွှတ်တော်သည် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား လွှတ်တော်တွင် ဖြေကြားခဲ့သော မေးခွန်းများ၊ အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ မည်သည့် အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလ အတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေရှိ/မရှိတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်

အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းတို့နှင့် တွေ့ဆုံစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းသည့်အဆိုများအနက်မှ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ယူခဲ့သည့် လုပ်ငန်းများကို မည်သို့မည်ပုံ ဆောင်ရွက်ထားရှိသည်ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ၃၀-၁-၂၀၁၇ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့အထိ (၁၉)ရက်ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၁၂)ကြိမ်ပြုလုပ်ခဲ့ပါသည်။ စတုတ္ထပုံမှန်အစည်းအဝေးတွင် အဆို ၁၁ ခု တင်သွင်းခဲ့ရာမှ အတည်ပြုအဆိုခြောက်ခုနှင့် မှတ်တမ်းတင်အဆိုလေးခု၊ မှတ်တမ်းတင်စောင့်ကြည့်အဆိုတစ်ခု ရှိခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း ၉၂ ခုတွင် ကတိဖြစ်ခဲ့သည့်မေးခွန်းမှာ ၁၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၅၅၆ ခုတွင်ကတိဖြစ်ခဲ့သည်မှာ ၁၄၉ ခု ရှိပါသည်။

၄။ လွှတ်တော်တွင် ကတိဖြစ်ခဲ့သောမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအချို့၏ ဆောင်ရွက်မှုအပေါ် ကော်မတီ၏အစီရင်ခံစာ(၁/၂၀၁၇)အရ လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင်က ကော်မတီသို့ တင်ပြလာသဖြင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် လိုအပ်ချက်အရ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကာယကံရှင်လွှတ်တော်ကိုယ်စားလှယ်များကိုပါ ဖိတ်ကြား၍ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပါသည်။

၅။ သီးခြားဆောင်ရွက်ချက်အနေဖြင့် ၃-၂-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏အဆိုနှင့်ပတ်သက်၍ လွှတ်တော်၏ဆုံးဖြတ်ချက်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မှုရှိသည့်အတွက် အဆိုရှင်က ကော်မတီသို့တင်ပြလာသဖြင့် အဆိုရှင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို ကော်မတီ

တွင် တွေ့ဆုံပေးလျက် လွှတ်တော်အတည်ပြုချက်အတိုင်း ဆောင်ရွက်နိုင်အောင် တိုက်တွန်းခဲ့ပါသည်။ ထို့အပြင် လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၉၈ အရ ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဇရိယာအတွင်းသို့ ကွင်းဆင်းစိစစ်ခဲ့ပါသည်။ စိစစ်တွေ့ရှိချက်တချို့မှာ (က) ကန်တော်ကြီး ရေဝေရေလဲဇရိယာအတွင်း စာချုပ်ပါစည်းကမ်းချက်အရ သစ်သား၊ အုတ်ညှပ် အဆောက်အအုံသာ ဆောက်လုပ်ရန်ခွင့်ပြုထားသော်လည်း အခိုင်အမာတည်ဆောက်ထားသော RC အဆောက်အဦများကို တွေ့ရှိရခြင်း၊ (ခ) လွှတ်တော်တွင် အဆိုကိုအတည်ပြုပြီးနောက် ကန်တော်ကြီး ရေဝေရေလဲဇရိယာအတွင်းရှိ မည်သည့်အဆောက်အဦကိုမျှ မရှိအောင် ၁၅-၇-၂၀၁၇ ရက်နေ့အထိ နောက်ဆုံးထား ဖျက်သိမ်းသွားမည်ဟုဆိုသော်လည်း ကော်မတီက စိစစ်နေချိန်အထိ မဖျက်သိမ်းဘဲ တွေ့ရှိနေရခြင်း၊ (ဂ) ငှားရမ်းစာချုပ်ပါအချက်တစ်ချက်ဖြစ်သည့် လုပ်ငန်းဆက်လက်မလုပ်ကိုင်နိုင်ပါက သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်ဖြစ်သော်လည်း တစ်ဆင့်ငှားရမ်းထားသည်များကို တွေ့ရှိရခြင်း၊ (ဃ) ရာဘာစိုက်ခင်းများ ဖျက်သိမ်းသွားပါက သစ်မာပင်များ ရှင်သန်ကျန်ရစ်အောင် စီစဉ်ထားသည့်အတွက် တစ်ဧကလျှင် သစ်မာပင် ၄၀ ပင်စိုက်သွားမည်ဟူသော စာချုပ်ပါစည်းကမ်းများအား လိုက်နာခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ စိစစ်တွေ့ရှိချက်အပြည့်အစုံကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးထံသို့လည်း ဆက်လက်ပေးပို့သွားမည် ဖြစ်ပါသည်။ အလားတူ ကျောက်တန်းမဲဆန္ဒနယ် ဒေါ်အေးမြမြမျိုး၏ ကြယ်ပွင့်မပြမေးခွန်းမှ ကတိဖြစ်ခဲ့သော ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာ ၁၆ ခုတင်တိုက်နယ်ဆေးရုံတည်ဆောက်ပြီးစီးမှု အခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ကာလကျော်လွန်သည်အထိ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ၊ မှန်ကန်စွာသိရှိနိုင်ရေးအတွက် ကော်မတီက ကျောက်တန်းနယ်မြေအတွင်း ၁၈-၇-၂၀၁၇ ရက်နေ့တွင် ကွင်းဆင်းစိစစ်ခဲ့ပါသည်။ ထိုသို့စိစစ်ရာတွင် ခွင့်ပြုဘဏ္ဍာငွေအားလုံးကို ထုတ်ယူသုံးစွဲပြီးဖြစ်သော်လည်း ယနေ့အထိတိုင် လုပ်ငန်းပြီးစီးမှုမရှိသည်ကို တွေ့ရှိခဲ့ရပါသည်။

၆။ ထို့အပြင် မာန်အောင်မြို့နယ်၊ လေယာဉ်ကွင်းတိုးချဲ့ရာတွင် ပါဝင်သွားသော ဥယျာဉ်ခြံမြေကိစ္စနှင့်ပတ်သက်၍ ဥယျာဉ်ခြံမြေပိုင်ရှင်များမှ ကော်မတီသို့ စာဖြင့်တင်ပြလာသောကြောင့် သက်ဆိုင်ရာ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်အား တွေ့ဆုံမေးမြန်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို

ဖိတ်ကြားမေးမြန်းဆွေးနွေး၍ အကြံပြုချက်အတိုင်း ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားထားရှိပါသည်။

၇။ လွှတ်တော်အတွင်း ဆောင်ရွက်မှုများသာမက ကော်မတီ၏လုပ်ငန်း ဆောင်ရွက်ချက်များကို လာရောက်လေ့လာခဲ့သော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ တိုင်းဒေသကြီးအစိုးရ၏ကတိကဝတ်၊ အာမခံချက်များ၊ ကတိများနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး ကော်မတီဝင်များနှင့် တိုင်းဒေသကြီးလွှတ်တော်ရုံးအဖွဲ့ဝင်များကိုလည်း ကော်မတီတွင် တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၈။ ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)အရ ကော်မတီသို့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးဖြစ်သည့် ဒုတိယဗိုလ်မှူးကြီးလှနိုင်နှင့် ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထက်တို့ကို လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပြီးနောက် ကော်မတီလုပ်ငန်းများကို အတူလက်တွဲဆောင်ရွက်လျက်ရှိပါသည်။

**သုံးသပ်ချက်များ**

၁၀။ ကော်မတီသည် ကတိဖြစ်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုများအား ဝန်ကြီးဌာနများက နောက်ဆုံးမည်သို့မည်ပုံဆောင်ရွက်ထားသည်ကို လစဉ်လဆန်းတစ်ရက်နေ့တိုင်းတွင် ကော်မတီသို့ အစီရင်ခံစာတင်ပြရန် အကြောင်းကြားထားပါသည်။ သို့သော် ဝန်ကြီးဌာနအချို့မှာ အချိန်မီအကြောင်းပြန်ကြားမှုအားနည်းလျက်ရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

၁၁။ ၎င်းအပြင် ဝန်ကြီးဌာနအချို့နှင့် လွှတ်တော်တွင်ကတိအဖြစ် ဖြေဆိုထားပြီးဖြစ်သော်လည်း ၎င်းတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိဟူသော အကြောင်းပြချက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စား တက်ရောက်ဖြေဆိုရသည့်အတွက်ဟူသော အကြောင်းပြချက်ဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းများဆောင်ရွက်ရန် ငြင်းဆိုခြင်းများရှိသည်ကို တွေ့ရပါသည်။ သို့သော် ကတိနှင့်တိုက်ရိုက်သက်ဆိုင်သော ဝန်ကြီးဌာနကို ကတိဖြင့်ဖြေဆိုထားသော ဝန်ကြီးဌာနမှ တာဝန်ယူချိတ်ဆက်ဆောင်ရွက်ပေးသွားရန် လိုအပ်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနမှ ကတိပြုခဲ့သောလုပ်ငန်းအချို့တွင် ဝန်ထမ်းဖွဲ့စည်းပုံမပြည့်မီသေးသည့်အခြေအနေမျိုးနှင့် တည်ဆောက်ရေးလုပ်ငန်းများ

ရာနှုန်းပြည့်မပြီးစီးသည့်အခြေအနေများကို ကော်မတီမှ ဆောင်ရွက်ဆဲအဖြစ် သတ်မှတ်ထားရှိသော်လည်း ကတိအတိုင်း ဆက်လက်လုပ်ဆောင်မှုရှိ/မရှိ စိစစ်ပေးသွားမည်ဖြစ်ပါသည်။

**အကြံပြုချက်**

၁၃။ ကော်မတီသည် လွှတ်တော်ပုံမှန်အစည်းအဝေး တစ်ကြိမ်ပြီးစီးတိုင်း နောက်ထပ်ပုံမှန် အစည်းအဝေးမစတင်မီ သို့မဟုတ် စတင်နေစဉ်အတွင်း ပြီးစီးခဲ့သော ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနများမှ ကတိဖြစ်ခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သောအဆိုများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေကို လွှတ်တော်သို့ အစီရင်ခံစာတင်ပြရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို တိုက်ဆိုင်စစ်ဆေးသည့်အခါတိုင်းတွင် ဝန်ကြီးဌာနများက လွှတ်တော်ဆိုင်ရာနှင့် ဌာနလုပ်ငန်းဆိုင်ရာကိစ္စများကို နားလည်တတ်ကျွမ်းသူများ၊ တာဝန်ယူ တာဝန်ခံနိုင်သော ပုဂ္ဂိုလ်များကိုသာ စေလွှတ်ပေးရန် အကြံပြုအပ်ပါသည်။

၁၄။ ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနအလိုက် ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်း၊ အတည်ပြုအဆိုများနှင့်ပတ်သက်၍ ကတိဖြစ်ခဲ့သည့်အတိုင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရန် အကြံပြုအပ်ပါသည်။

၁၅။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများအားသက်ဆိုင်ရာဝန်ကြီးဌာနများက စီမံကိန်းရေးဆွဲရာတွင် ဦးစားပေးဘတ်ဂျက်၌ ထည့်သွင်းပေးရန် အကြံပြုအပ်ပါသည်။

၁၆။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် ကတိအဖြစ် သတ်မှတ်ပြီးသော မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်မှု အားနည်းနေ၍ဖြစ်စေ၊ ဝေဖန်ထောက်ပြစရာရှိ၍ဖြစ်စေ၊ အခြားသောအကြောင်းတစ်စုံတစ်ရာရှိ၍ဖြစ်စေ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၄၀ နည်းဥပဒေခွဲ(စ) အရ လွှတ်တော်သို့ မေးခွန်းထပ်မံမေးမြန်းခြင်းမျိုးမပြုဘဲ ကော်မတီသို့ ဆက်သွယ်တိုင်ကြားပေးစေလိုပါတယ်။ သို့မှသာ ကော်မတီမှ ကတိပြုထားသော သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းကာ လုပ်ငန်းများဆက်လက်အကောင်အထည်ဖော်နိုင်ရန် တိုက်တွန်းပေးသွားမည်ဖြစ်ပါသည်။

၁၇။ လုပ်ငန်းများပြီးစီးသည့်အခြေအနေမှန်ကို သိရှိရန်အတွက် ကော်မတီမှ သက်ဆိုင်ရာဒေသများသို့ သွားရောက်တိုက်ဆိုင်စိစစ်ရန်ကိစ္စမှာ လက်တွေ့တွင် လွယ်ကူသည်တော့မဟုတ်ပါ။ သို့သော် အငြင်းပွားဖွယ်၊ အထင်မှားဖွယ်ကိစ္စများဖြစ်ပေါ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်သွားလျက်ရှိပါသည်။ ထို့ကြောင့် ဌာနဆိုင်ရာများမှ လုပ်ငန်းများပြီးစီးသည့်အခြေအနေမှန်ကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ကော်မတီသို့ တင်ပြအကြောင်းကြားခြင်းအားဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စေမည်ဖြစ်ပါသည်။ ထိုသို့တင်ပြချက်ပေါ်မူတည်၍ ကော်မတီကဆောင်ရွက်ဆဲအခြေအနေ၊ လုပ်ငန်းပြီးစီးမှုအခြေအနေတို့ မှတ်တမ်းထားရှိမည်ဖြစ်ပါသည်။

**နိဂုံး**

၁၈။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၉၆၊ ပုဒ် ၉၈ တို့အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ်အသီးသီးကို စိစစ်ဆောင်ရွက်ရသည်နှင့်အညီ အခက်အခဲများ၊ အတွေ့အကြုံသစ်များကို ညှိနှိုင်းဖြေရှင်းလျက် ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များအကြား ဟန်ချက်အညီညီ ထိန်းညှိဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၀၀ အရ ဤအစီရင်ခံစာ (၂/၂၀၁၇) ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည် ဖြေကြားချက်အပေါ် ဆောင်ရွက်ထားရှိမှု အစီရင်ခံစာ (၂/၂၀၁၇)**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ (က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ၊ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရ အပ်နှင်းထားသော

လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူ့လွှတ်တော်သည် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအား လွှတ်တော်တွင်ဖြေကြားခဲ့သော မေးခွန်းများ၊ အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ မည်သည့်အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုရှိ/မရှိ တို့ကိုလည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းတို့နှင့် တွေ့ဆုံစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ စတုတ္ထပုံမှန်အစည်းအဝေးထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့်အဆိုများအနက်မှ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ယူခဲ့သည့် လုပ်ငန်းများကို မည်သို့မည်ပုံဆောင်ရွက်ထားရှိသည်ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

**ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ၃၀-၁-၂၀၁၇ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့ထိ (၁၉)ရက် ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၁၂)ကြိမ် ပြုလုပ်ခဲ့ပါ သည်။ စတုတ္ထပုံမှန်အစည်းအဝေးတွင် အဆို(၁၁)ခု တင်သွင်းခဲ့ရာမှ အတည်ပြုအဆို (၆)ခုနှင့် မှတ်တမ်းတင်အဆို (၄)ခု၊ မှတ်တမ်းတင်စောင့်ကြည့်အဆို(၁)ခု ရှိခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း ၉၂ ခုတွင် ကတိဖြစ်ခဲ့သည့် မေးခွန်းမှာ ၁၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၅၅၆ ခုတွင် ကတိဖြစ်ခဲ့သည်မှာ ၁၄၉ ခု ရှိပါသည်။

ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်နှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု အခြေအနေပြဇယားကို **နောက်ဆက်တွဲ (ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ၊ ဌ)ဖြင့်** ဖော်ပြထားရှိပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များကို **DVD ချပ်** ဖြင့် ပူးတွဲဖြန့်ဝေထားပါသည်။

၄။ လွှတ်တော်တွင် ကတိဖြစ်ခဲ့သောမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ဝန်ကြီးဌာန အချို့၏ ဆောင်ရွက်မှုအပေါ် (ကော်မတီ၏အစီရင်ခံစာ(၁/၂၀၁၇)အရ) လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်က ကော်မတီသို့တင်ပြလာသဖြင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် လိုအပ်ချက်အရ ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ကာယကံရှင်လွှတ်တော်ကိုယ်စားလှယ်များကိုပါဖိတ်ကြား၍ လုပ်ငန်းများဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပါသည်။

၅။ သီးခြားဆောင်ရွက်ချက်အနေဖြင့် (၃-၂-၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ အဆိုနှင့်ပတ်သက်၍ လွှတ်တော်၏ဆုံးဖြတ်ချက်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိသည့်အတွက် အဆိုရှင်က ကော်မတီသို့ တင်ပြလာသဖြင့် အဆိုရှင်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို ကော်မတီတွင် တွေ့ဆုံပေးလျက် လွှတ်တော်အတည်ပြုချက်အတိုင်း ဆောင်ရွက်နိုင်အောင် တိုက်တွန်း ခဲ့ပါသည်။ ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ(၉၈)အရ ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဧရိယာအတွင်းသို့ ကွင်းဆင်းစိစစ်ခဲ့ပါသည်။ စိစစ်တွေ့ရှိချက် တချို့မှာ-

(က) ကန်တော်ကြီး ရေဝေရေလဲ ဧရိယာအတွင်း စာချုပ်ပါ စည်းကမ်းအရ သစ်သား အုတ်ညှပ်အဆောက်အအုံသာ ဆောက်လုပ်ရန် ခွင့်ပြုထားသော်လည်း အခိုင်အမာ တည်ဆောက်ထားသော RC အဆောက်အဦများကို တွေ့ရှိရခြင်း၊

(ခ) လွှတ်တော်တွင် အဆိုကို အတည်ပြုပြီးနောက် ကန်တော်ကြီး ရေဝေရေလဲ ဧရိယာ အတွင်းရှိ မည်သည့် အဆောက်အဦကိုမျှမရှိအောင် ၁၅ - ၇ - ၂၀၁၇ ရက်နေ့ နောက်ဆုံးထား ဖျက်သိမ်းသွားမည်ဟုဆိုသော်လည်း ကော်မတီက စိစစ်နေချိန်ထိ မဖျက်သိမ်းပဲ တွေ့ရှိနေရခြင်း၊

(ဂ) ဌားရမ်းစာချုပ်ပါ အချက်တစ်ချက်ဖြစ်သည့် လုပ်ငန်းဆက်လက် မလုပ်ကိုင်နိုင်ပါက သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည် ဖြစ်သော်လည်း တစ်ဆင့် ဌားရမ်း ထားသည်များကို တွေ့ရှိရခြင်း၊

(ဃ) ရာဘာစိုက်ခင်းများ ဖျက်သိမ်းသွားပါက သစ်မာပင်များ ရှင်သန်ကျန်ရစ်အောင် စီစဉ်ထားသည့်အတွက် တစ်ဧကလျှင် သစ်မာ(၄၀)ပင် စိုက်ပျိုးသွားမည်ဟူသော စာချုပ်ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

**(စိစစ်တွေ့ရှိချက်အပြည့်အစုံကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြပြီး သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးထံသို့ ဆက်လက်ပေးပို့သွားပါမည်)**

အလားတူ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ ကြယ်ပွင့်မပြ မေးခွန်းမှ ကတိဖြစ်ခဲ့သော ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာမှ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက် ပြီးစီးမှု အခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက သက်မှတ်ကာလ ကျော်လွန်သည် အထိ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ မှန်ကန်စွာသိရှိနိုင်စေရန်အတွက် ကော်မတီက ကျောက်တန်းနယ်မြေအတွင်း ၁၈-၇-၂၀၁၇ ရက်နေ့တွင် ကွင်းဆင်းစိစစ်ခဲ့ပါသည်။ ထိုသို့ စိစစ်ရာတွင် ခွင့်ပြုဘဏ္ဍာငွေ အားလုံးကို ထုတ်ယူသုံးစွဲပြီးဖြစ်သော်လည်း ယနေ့ထိတိုင် လုပ်ငန်းပြီးစီးမှု မရှိသည်ကို တွေ့ရှိခဲ့ရပါသည်။

၆။ ထို့အပြင် မာန်အောင်မြို့နယ် လေယာဉ်ကွင်း တိုးချဲ့ရာတွင် ပါဝင်သွားသော ဥယျာဉ်ခြံမြေကိစ္စနှင့်ပတ်သက်၍ ဥယျာဉ်ခြံမြေပိုင်ရှင်များမှ ကော်မတီသို့ စာဖြင့်တင်ပြလာသောကြောင့် သက်ဆိုင်ရာ မာန်အောင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်အား တွေ့ဆုံမေးမြန်းပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကိုပါဖိတ်ကြားမေးမြန်းဆွေးနွေး၍ အကြံပြုချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားထားရှိ ပါသည်။

၇။ လွှတ်တော်အတွင်း ဆောင်ရွက်မှုများသာမက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လာရောက်လေ့လာခဲ့သော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ တိုင်းဒေသကြီးအစိုးရ၏ ကတိကဝတ်၊ အာမခံချက်များ၊ကတိများနှင့် လွှတ်တော်အခွင့်အရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး ကော်မတီဝင်များနှင့် တိုင်းဒေသကြီးလွှတ်တော်ရုံးအဖွဲ့ဝင်များကိုလည်း ကော်မတီတွင် တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၈။ ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)အရ ကော်မတီသို့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးဖြစ်သည့် ဒုတိယဗိုလ်မှူးကြီးလှနိုင် နှင့် ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထက်တို့ကို လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပြီးနောက် ကော်မတီလုပ်ငန်းများကို အတူလက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။

**မှုကြမ်း**

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန် အစည်းအဝေးများတွင် တင်သွင်းသည့် အဆိုများနှင့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများကို နေ့စဉ်မှတ်တမ်းတင်စိစစ်ပြီး မေးခွန်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့၊ အဆိုနှင့်ပတ်သက်သည့် အချက်အလက်များစိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းလက်ကျန်စိစစ်ရေးအဖွဲ့တို့မှ ဤအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိပါသည်။ **(နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။)**

**သုံးသပ်ချက်များ**

၁၀။ ကော်မတီသည် ကတိဖြစ်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုများအား ဝန်ကြီးဌာနများက နောက်ဆုံး မည်သို့မည်ပုံ ဆောင်ရွက်ထားသည်ကို လစဉ်လဆန်းတစ်ရက်နေ့တိုင်းတွင် ကော်မတီသို့ အစီရင်ခံစာ တင်ပြကြရန် အကြောင်းကြားထားပါသည်။ သို့သော် ဝန်ကြီးဌာနအချို့မှာ အချိန်မီ အကြောင်းပြန်ကြားမှု အားနည်းလျက်ရှိသည်ကို သုံးသပ်တွေ့ရှိပါသည်။

၁၁။ ၎င်းအပြင် ဝန်ကြီးဌာနအချို့အနေဖြင့် လွှတ်တော်တွင် ကတိအဖြစ် ဖြေဆိုထားပြီးဖြစ် သော်လည်း ၎င်းတို့ ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိဟူသော အကြောင်းပြချက်ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားတက်ရောက်ဖြေဆိုရသည့်အတွက်ဟူသော အကြောင်းပြချက်ဖြင့် လည်းကောင်း၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းများ ဆောင်ရွက်ရန် ငြင်းဆိုခြင်းများ ရှိသည်ကို တွေ့ရပါသည်။ သို့သော် ကတိနှင့် တိုက်ရိုက်သက်ဆိုင်သော ဝန်ကြီးဌာနကို ကတိအဖြစ် ဖြေဆိုထားသောဝန်ကြီးဌာနမှ တာဝန်ယူချိတ်ဆက် ဆောင်ရွက်ပေးသွားရန် လိုအပ်လျက် ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနများမှ ကတိပြုခဲ့သောလုပ်ငန်း အချို့တွင် ဝန်ထမ်းဖွဲ့စည်းပုံ မပြည့်မီသည့် အခြေအနေမျိုးနှင့် တည်ဆောက်ရေး လုပ်ငန်းများ ရာနှုန်းပြည့် မပြီးစီးမီအခြေအနေများကို ကော်မတီမှ ဆောင်ရွက်ဆဲအဖြစ် သတ်မှတ်ထားရှိသော်လည်း ကတိအတိုင်း ဆက်လက်လုပ်ဆောင်မှုရှိ/မရှိကို စိစစ်ပေးသွားမည်ဖြစ်ပါသည်။

**အကြံပြုချက်များ**

၁၃။ ကော်မတီသည် လွှတ်တော်ပုံမှန်အစည်းအဝေး တစ်ကြိမ်ပြီးစီးပြီးတိုင်း နောက်ထပ် ပုံမှန် အစည်းအဝေး မစတင်မီ(သို့မဟုတ်)စတင်နေစဉ်အတွင်း ပြီးစီးခဲ့သော ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနများမှ ကတိဖြစ်ခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သောအဆိုများနှင့် ပတ်သက်၍

လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကို တိုက်ဆိုင်စစ်ဆေးသည့် အခါတိုင်းတွင် ဝန်ကြီးဌာနများက လွှတ်တော်ဆိုင်ရာနှင့် ဌာနလုပ်ငန်းဆိုင်ရာကိစ္စများကို နားလည်တတ်ကျွမ်းသူများ၊ တာဝန်ယူ/တာဝန်ခံနိုင်သော ပုဂ္ဂိုလ် များကိုသာ စေလွှတ်ပေးရန် အကြံပြုအပ်ပါသည်။

၁၄။ ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနအလိုက် ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်း၊ အတည်ပြုအဆိုများနှင့် ပတ်သက်၍ ကတိဖြစ်ခဲ့သည့်အတိုင်း သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရန် အကြံပြုအပ်ပါသည်။

၁၅။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်း များအား သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံကိန်းရေးဆွဲရာတွင် ဦးစားပေးဘတ်ဂျက်၌ ထည့်သွင်း ရေးဆွဲပေးရန် အကြံပြုအပ်ပါသည်။

၁၆။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် ကတိအဖြစ် သတ်မှတ်ပြီးသော မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်မှု အားနည်းနေ၍ဖြစ်စေ၊ ဝေဖန်ထောက်ပြစရာရှိ၍ဖြစ်စေ၊ အခြားသောအကြောင်း တစ်စုံတစ်ရာရှိ၍ဖြစ်စေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၄၀(စ)အရ လွှတ်တော်သို့ မေးခွန်းထပ်မံမေးမြန်းခြင်းမျိုးမပြုဘဲ ကော်မတီသို့ ဆက်သွယ်တိုင်ကြားပေးစေလိုပါသည်။ သို့မှသာ ကော်မတီမှ ကတိပြုထားသော သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းကာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် တိုက်တွန်းပေးသွားမည် ဖြစ်ပါသည်။

၁၇။ လုပ်ငန်းများ ပြီးစီးသည့် အခြေအနေမှန်ကို သိရှိရန်အတွက် ကော်မတီမှ သက်ဆိုင်ရာ ဒေသများသို့ သွားရောက် တိုက်ဆိုင်စိစစ်ရန်ကိစ္စမှာ လက်တွေ့တွင် လွယ်ကူသည်တော့ မဟုတ်ပါ။ သို့သော် အငြင်းပွားဖွယ်၊ အထင်မှားဖွယ် ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ကွင်းဆင်း စိစစ်ဆောင်ရွက် လျက်ရှိပါသည်။ ထို့ကြောင့် ဌာနဆိုင်ရာများမှ လုပ်ငန်းများ ပြီးစီးသည့်အခြေအနေမှန်ကို ဓါတ်ပုံ မှတ်တမ်းများနှင့်တကွ ကော်မတီသို့ တင်ပြအကြောင်းကြားခြင်းအားဖြင့် လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေမည် ဖြစ်ပါသည်။ ထိုသို့ တင်ပြချက်အပေါ်မူတည်၍ ကော်မတီက ဆောင်ရွက်ဆဲအခြေ အနေမှ လုပ်ငန်းပြီးစီးကြောင်းအခြေအနေသို့ မှတ်တမ်းထားရှိမည် ဖြစ်ပါ သည်။

**နိဂုံး**

၁၈။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ(၉၆)၊ ပုဒ်မ(၉၈)တို့အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ် အသီးသီးကို စိစစ်ဆောင်ရွက်ရသည်နှင့်အညီ အခက်အခဲများ၊ အတွေ့အကြုံသစ်များကို ညှိနှိုင်း ဖြေရှင်းလျက် ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များအကြား ဟန်ချက်ညီညီ ထိန်းညှိ ဆောင်ရွက်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၀၀)အရ ဤအစီရင်ခံစာ (၂/၂၀၁၇)ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက ၁၀-၈-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၈ ဖြစ်တဲ့ ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား ခြင်းကို ၁၀-၈-၂၀၁၇ ရက်(ကြာသပတေးနေ့)မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (ကြာသပတေးနေ့)

နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့
# (၉.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဦးကျော်မင်း
(လက်ပံတန်း မဲဆန္ဒနယ်)



ဦးခင်မောင်မြင့်
(ရပ်စောက် မဲဆန္ဒနယ်)



ဒေါ်ဇင်မာအောင်
(ရန်ကင်း မဲဆန္ဒနယ်)



ဦးတင်အေး
(မက်မန်း မဲဆန္ဒနယ်)



ဒေါက်တာတင်ဌေးအောင်
(ရေစကြို မဲဆန္ဒနယ်)



ဦးစောသလေးစော
(ရွှေကျင် မဲဆန္ဒနယ်)



ဦးလှကျော် (ဒုတိယဝန်ကြီး)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်